# သောက်သုံးရေ လုံခြုံစိတ်ချရရေး စီမံကိန်း

# Water Safety Plan

ဇွန်လ၊ ၂၀၀၇
ရန်ကုန်မြို့။

ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနစိတ် နှင့်
ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့တို့ ပူးပေါင်းထုတ်ဝေသည်။

# အမှာစာ

ဤစာတမ်းတွင် သောက်သုံးရေ လုံခြုံစိတ်ချရရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် လိုအပ်သော အချက်အလက်များနှင့် ပုံစံများပါဝင်ပါသည်။ နောက်ဆက်တွဲအနေဖြင့် ပူးတွဲဖော်ပြထားသော ပုံစံများသည် ကွင်းဆင်းစစ်ဆေးရာ၌ အသုံးပြုရသည့် ကျေးလက်ဒေတွင် အများဆုံး အသုံးပြုလေ့ရှိသော ရေအရင်းအမြစ် (၆) မျိုးအတွက် ဖြစ်ပါသည်။ သောက်သုံးရေ လုံခြုံစိတ်ချရရေးစီမံကိန်းကို ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ပူးတွဲပါ ပုံစံများသည် ကျေးလက်ဒေသကို အခြေခံ၍ ပြုစုထားသော်လည်း ရေပေးရေး အခြေအနေ ဆင်တူသည့် မြို့ငယ်များအတွက်လည်း အသုံးပြုနိုင်ပါသည်။ သို့သော် အခြေအနေ မတူသော မြို့ကြီးများ အထူးသဖြင့် ရေသန့်စင်မှုစနစ်ပါဝင်သော ရေပေးဝေရေး အတွက်ကိုမူ လိုအပ်သည့် အချက်အလက်များ ထပ်မံဖြည့်စွက်ပြင်ဆင်၍ အသုံးပြုရန်ဖြစ်ပါသည်။

စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင်အသုံးပြုမည့်ဤလက်စွဲစာတမ်းကို **ဦးအောင်ကြွယ်၊ ဦးစီမောင်၊ ဦးမြင့်ကြည်၊ ဦးခင်အောင်သိန်း၊ ဦးခင်စိုး၊ ဒေါ်မီမီခင်နှင့် ဒေါ်ဌေးဌေးမြင့်** တို့ပါဝင်သော အဖွဲ့ကလိုအပ်သော အချက်အလက်များကို စုဆောင်း၊ စီစစ်ပြုပြင်ပြီး မြန်မာနိုင်ငံနှင့် ဆီလျော်မည့် အသေးစိတ်ဇယားများကိုအကြိမ်အကြိမ် ပြုစုရေးဆွဲခဲ့ပါသည်။ ထို့နောက်ပြုစု ထားသော မူကြမ်းကို ဝေဖန်ဆွေးနွေးအကြံပေးနိုင်ရန် အောက်ပါ ပညာရှင်များ ပါဝင်သော အဖွဲ့မှ စည်းဝေးညှိနှိုင်း၊ ဘာသာရပ်ဆိုင်ရာအလိုက် ဖြည့်စွက်ပြင်ဆင်ကြပြီး နောက်ဆုံးမူကြမ်းကို အတည်ပြုချက်ရယူကာ ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။

ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆွေးနွေး အကြံပြုကြသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှာ

၁။ ဒေါက်တာ သန်းထွဋ်
ဒုတိယညွှန်ကြားရေးမှူး
လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၊ကျန်းမာရေးဦးစီးဌာန။

၂။ ဒေါက်တာ ခင်မောင်လွင်
ဒုတိယညွှန်ကြားရေးမှူး
ဗဟိုကျန်းမာရေးပညာဌာန

၃။ ဒေါက်တာ ခင်မြတ်နွယ်
အတိုင်ပင်ခံ ပိုးမွှားဗေဒပညာရှင်
အမျိုးသားဓါတ်ခွဲဌာန

၄။ ဒေါက်တာ ဝင်းသိန်း
ဒုတိယညွှန်ကြားရေးမှူး
အမျိုးသားဓါတ်ခွဲဌာန

၅။ ဒေါက်တာ သင်းသင်းနွယ်
အစားအသောက်ဆိုင်ရာပညာရှင်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန

၆။ ဦးကျော်ဝင်း
ဒုတိယညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန

၇။ ဦးမြင့်စိုး
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

၈။ ဦးခင်မောင်ဌေး
ဒုတိယညွှန်ကြားရေးမှူး
စည်ပင်သာယာရေးဦးဌာန

၁၀။ ဒေါ်လီလီတင်
ဦးစီးအရာရှိ
အင်ဂျင်နီယာဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

၁၁။ ဒေါက်တာ ခိုင်စိုး
စီမံချက်အရာရှိ
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဌာန၊ ယူနီဆက်

၁၂။ ဦးတဲရင့်ကတိုး
လက်ထောက်စီမံချက်အရာရှိ
ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဌာန၊ ယူနီဆက်

၁၃။ အင်ဂျင်နီယာများ
ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန

## မာတိကာ

## သောက်သုံးရေ လုံခြုံစိတ်ချရရေး စီမံကိန်း (Water Safety Plan)


| | | စာမျက်နှာ |
|---|---|---|
| | အမှာစာ | i |
| ၁။ | နောက်ခံသမိုင်း | ၂ |
| ၂။ | Water Safety Plan | ၂ |
| ၃။ | WSP ပြုစုရခြင်းအကြောင်းရင်းနှင့် ဦးတည်အုပ်စု၊ ( Target Group ) | ၂ |
| ၄။ | WSP ၏ ပင်မအစိတ်အပိုင်းကြီးများ | ၂ |
| ၅။ | ဘေးဥပါဒ်၊ဘေးဥပါဒ်ဖြစ်ရပ်၊အန္တရယ်ဖြစ်နိုင်ခြေ | ၃ |
| ၆။ | WSP ၏ ခံယူချက် | ၃ |
| ၇။ | WSP ၏ အခြေခံ လိုအပ်ချက်များ | ၄ |
| ၈။ | သမရိုးကျ ချဉ်းကပ်ရေးနည်းစနစ်၏ ကန့်သတ်ချက်များ | ၄ |
| ၉။ | ဆောင်ရွက်မှု၏ ရလာဒ်များ (System Assessment Results) | ၄ |
| ၁၀။ | ထိန်းချုပ်ရန် နည်းလမ်းများ ရှာဖွေခြင်း (Identifying Control Measures) | ၇ |
| ၁၁။ | လုပ်ငန်းလည်ပတ်ရာတွင် ကြပ်မတ်စစ်ဆေးရမည့်အချက်များ | ၉ |
| ၁၂။ | အတည်ပြုနိုင်ရန်ပြန်လည်စီစစ် စစ်ဆေးခြင်း (Verification) | ၉ |
| ၁၃။ | စီမံခန့်ခွဲရေးနည်းလမ်းများ (Management Procedures ) | ၁၂ |
| ၁၄။ | ဆက်သွယ်ပညာပေးခြင်း ( Communication ) | ၁၄ |
| ၁၅။ | မှတ်တမ်းပြုစုခြင်း ( Documentation ) | ၁၆ |
| ၁၆။ | အကြံပြုချက် ( Suggestion ) | ၁၇ |
| ၁၇။ | ကျမ်းကိုးစာရင်း | ၁၈ |
| ၁၈။ | WSP နှင့် ပတ်သက်သော ဝေါဟာရများကို မြန်မာဘာသာပြန်ဆိုချက် | ၁၉ |


## နောက်ဆက်တွဲများ


| | | | | |
|---|---|---|---|---|
| ၁။ | လက်တူးရေတွင်း ( Dug Well ) | နောက်ဆက်တွဲ(က) | (၁၈ မျက်နှာ) | ၂၀ |
| ၂။ | တွင်းတိမ် စက်ရေတွင်း ( Shallow Tubewell ) | နောက်ဆက်တွဲ(ခ) | (၁၈ မျက်နှာ) | ၃၉ |
| ၃။ | တွင်းနက် စက်ရေတွင်း (ရေဖြန့်ဖြူးရေး) ( Deep Tubewell, Distribution System ) | နောက်ဆက်တွဲ(ဂ) | (၂၃ မျက်နှာ) | ၅၈ |
| ၄။ | ကာကွယ်ထားသော ရေကန် ( Protected Pond ) | နောက်ဆက်တွဲ(ဃ) | (၁၄ မျက်နှာ) | ၈၀ |
| ၅။ | ကာကွယ်ထားသောစိမ့်စမ်းရေသွယ်စနစ် ( Gravity Flow System from Protected Spring ) | နောက်ဆက်တွဲ(င) | (၁၆ မျက်နှာ) | ၉၈ |
| ၆။ | ခေါင်မိုးမှရသော မိုးရေသိုလှောင်ကန် ( Roof-catchment Rainwater Collection Tank ) | နောက်ဆက်တွဲ(စ) | (၁၄ မျက်နှာ) | ၁၁၈ |
| ၇။ | ဘေးဥပါဒ်ဆန်းစစ်ခြင်း(အချုပ်) (Summary of Hazardous Analysis) | နောက်ဆက်တွဲ(ဆ) | ( ၆ မျက်နှာ) | ၁၃၇ |
| ၈။ | ဘေးဥပါဒ်ဆန်းစစ်ခြင်း ကျေးရွာချုပ် | နောက်ဆက်တွဲ(ဇ) | ( ၆ မျက်နှာ) | ၁၄၄ |
| ၉။ | သောက်သုံးရေသန့်ရှင်းမှု အခြေအနေ စစ်တမ်း ( Sanitary Inspection ) | နောက်ဆက်တွဲ(ဈ) | ( ၆ မျက်နှာ) | ၁၅၁ |

## ၁။ နောက်ခံသမိုင်း

ဤစာတမ်းကို ပြုစုရာတွင် WHO Guidelines for Drinking Water Quality, Third Edition (2004) Volume 1, Recommendation, Chapter 4 Water Safety Plan ကို သော်လည်းကောင်း၊ (၂၂/၂၃-၆-၂၀၀၆)တွင် ကျင်းပသော Orientation Workshop on the new third edition, WHO Guidelines for Drinking Water Quality အလုပ်ရုံဆွေးနွေးပွဲတွင် Power point ဖြင့် တင်ပြချက်များ၊ Bangladesh တွင် အသုံးပြုနေသောပုံစံများ ၊ WEDC မှ ပြုစုထားသောပုံစံများကို မှီငြမ်းကာ ကောက်နုတ်စုစည်းပြီး လိုအပ် သလိုပြင်ဆင်၍ မြန်မာဘာသာဖြင့် တင်ပြထားပါသည်။ ဤစီမံကိန်းသည် သောက်သုံးရေ သက်သက် အတွက်သာဖြစ်သည်။

## ၂။ Water Safety Plan (WSP)

WSP ဆိုသည်မှာ လူတို့သောက်သုံးနေသောရေကို စတင်ရယူသည့် ရေအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဒေသ၊ရေဝေရေလဲ အခြေအနေမှစ၍ ရေရယူစုဆောင်းမှု၊ ပြုပြင်သန့်စင်မှု၊ ပို့ဆောင်မှု၊ ဖြန့်ဝေမှု၊ အသုံးပြုသူတို့၏ ကိုင်တွယ်သိုလှောင်မှုအထိ ဆောင်ရွက်မှု အဆင့်ဆင့်တွင် ဘေးဥပဒ်/ဘေးန္တရာယ် ( Hazards ) ကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ် ဖြစ်နိုင်ခြေ အဆင့်ဆင့် (Risks) ကို အတတ်နိုင်ဆုံး လျှော့နည်းစေပြီး ထိုရေကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ အသုံးချရေးနှင့် ရေနှင့်ပါတ်သက်သည့် လုံခြုံစိတ်ချရေးဆိုင်ရာ စီမံခန့်ခွဲမှု စီမံကိန်း ကို ဆိုလိုသည်။ WSP သည် ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုနည်းစဉ် ( Preventive Approach ) ကို အခြေခံသည်။ Safe Water Plan သက်သက် မဟုတ်ပါ။ Water Safety and Security Plan ဖြစ်၍ ပိုမိုကျယ်ပြန့်ပါသည်။

## ၃။ WSP ရေးဆွဲပြုစုရခြင်းအကြောင်းရင်းနှင့် ဦးတည်အုပ်စု၊ ( Target Group )

WSP ၏ အကျိုး သက်ရောက်မှု၊ အုပ်ချုပ်မှုဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အပိုင်းများတွင် ဆောင်ရန်ရှောင်ရန်များကို သိရှိနားလည်၍ ပြည်သူလူထု အားလုံး သဘောပေါက် နားလည်လက်ခံ ကျင့်သုံးနိုင်ရန်ဖြစ်ပါသည်။ ရည်ရွယ်သည့် ဦးတည်အုပ်စုမှာ ပင်မသင်တန်းပေးသူများ၊ ဆင့်ပွား သင်တန်းပေးသူများနှင့် အမှန်တကယ် ကွင်းဆင်းဆောင်ရွက်မည့်သူများ ဖြစ်ပါ သည်။ အထူးသဖြင့် ဤစီမံကိန်းတွင် လက်တွေ့ပါဝင်ဆောင်ရွက်ကြရမည့် သင်တန်းဆရာများ၊ သင်တန်းတက်ရောက်သူများ၊ ကြေကြေညက်ညက် နားလည်သဘောပေါက်ပြီး ကွင်းဆင်း ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ ဤစာတမ်းကို သင်တန်းမှတ်စုအနေဖြင့် သော်လည်းကောင်း၊လုပ်ငန်း လမ်းညွှန် ( Guidelines for WSP ) အနေဖြင့် သော်လည်းကောင်း အသုံးပြုနိုင်ပါသည်။

## ၄။ WSP ၏ ပင်မအစိတ်အပိုင်းကြီးများ

ပင်မအပိုင်းကြီး (၃) ပိုင်းပါရှိပါသည်။ ၎င်းတို့မှာ

(က) System Assessment (သောက်သုံးရေ ပေးဝေရေးစနစ်ကို ဆန်းစစ်ခြင်း)

သောက်သုံးရေးပေးဝေရေးစနစ်တစ်ခုလုံး၏ စနစ်ကိုအစမှအဆုံး အဆင့်ဆင့် စိစစ် အကဲဖြတ်ခြင်း၊ ရေပေးရေးလုပ်ငန်း အသစ်ဖြစ်ပါက ဒီဇိုင်းထုတ်လုပ်ရာတွင် အသုံးပြုသည့် စံသတ်မှတ်ချက်များ ( Design Criteria ) သင့် တော်မှု ရှိမရှိ စိစစ်ခြင်း၊

(ခ) Identifying Control Measures (ထိန်းချုပ်ရန်နည်းလမ်းများသတ်မှတ်ခြင်း)

အန္တရာယ် ပေါ်ပေါက်နိုင်သည်များကို ဖေါ်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ အန္တရာယ် တစ်ခုခြင်း အလိုက် Operational monitoring ဖြစ်သည့် လုပ်ငန်းလည်ပတ်မှု ကြပ်မတ်စစ်ဆေးခြင်း များပြုလုပ်ခြင်း၊

(ဂ) Management plan (စီမံခန့်ခွဲမှု အစီအစဉ်)
ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဖြစ်ပျက်မှုကိစ္စ တစ်ရပ်ရပ် (incident) ပေါ်ပေါက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုချမှတ်ပြီး လိုအပ်ပါက ထိုလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ခြင်း၊ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်းများ အပါအဝင် ပုံမှန်ကြပ်မတ်စစ်ဆေးခြင်း ( Monitoring ) နှင့် သတင်းပို့ ဆက်သွယ်ခြင်း ( Information and Communication ) များကို စနစ်တကျဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲခြင်း တို့ဖြစ်ပါသည်။

၅။ ဘေးဥပါဒ်၊ဘေးဥပါဒ်ဖြစ်ရပ်၊အန္တရာယ်ဖြစ်နိုင်ခြေ
(Hazard, Hazardous Event and Risk)

- Hazard ဆိုသည်မှာ *ဘေးဥပါဒ်/ဘေးန္တရာယ်* ဖြစ်စေနိုင်သည့် ဇီဝဗေဒ၊ ဓါတုဗေဒ၊ ရူပဗေဒနှင့် ရေဒီယိုသတ္တိကြွဆိုင်ရာတို့၏ ကိုယ်စားပြု အရာဝတ္ထုများကို ဆိုလိုသည်။
- Hazardous event ဆိုသည်မှာ အဆိုပါ Hazard များကြောင့် ဖြစ်ပေါ်လာရသော *ဘေးန္တရာယ်/ဘေးဥပါဒ် ဖြစ်ရပ်* ကို ဆိုလိုသည်။
- Risk ဆိုသည်မှာသတ်မှတ်အချိန်ကာလနှင့် ပါဝင်မှုပမာဏ အနည်းအများအလိုက် ပေါ်ပေါက်လာနိုင်သော *အန္တရာယ်ဖြစ်နိုင်ခြေ* ကို ဆိုလိုသည်။
- Hazard သည် အကြောင်း (cause) ဖြစ်ပြီး Risk သည် အကျိုး (effect) ဖြစ်ကာ အမြဲ ဒွန်တွဲ နေသည်။

၆။ **WSP ၏ ခံယူချက် (Concept)**

(က) ပန်းတိုင် (Goal) - ဘေးန္တရာယ်ကင်းသော သောက်သုံးရေ ရရှိခြင်းဖြင့်ပြည်သူလူထု ကျန်းမာရေးတိုးမြှင့်စေရန်။
အလေးအနက်ပြုမှု ( emphasis ) ကြိုတင်ကာကွယ်ရေးချဉ်းကပ်မှု နည်းစဉ် (အရည်အသွေး အာမခံချက်ရရှိစေရန် )

(ခ) ဆောင်ရွက်နည်း (How) *ခေတ်မီသောအန္တရာယ် စီမံခန့်ခွဲမှုအခြေခံအကြောင်းများ*
ညစ်ညမ်း မှုဖြစ်ပေါ်လာနိုင်ခြေများ သတ်မှတ်ဖေါ်ထုတ်ခြင်း
ပေါ်ပေါက်လာမည့် ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် အစီအမံများပြုလုပ်ခြင်း

(ဂ) အခြေခံ ( Base ) - *သမရိုးကျ ရေပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်*
အကာအကွယ် အရံအတားများ အဆင့်ဆင့် (Multiple Barriers ) ထားရှိ၍ ကာကွယ်ရေး
ဥပမာ ။ ။ ရေအရင်းအမြစ်သို့ ညစ်ညမ်းမှုများ လျော့နည်းစေခြင်း
စိတ်ချရသော အဆင့်သို့ရောက်အောင် ညစ်ညမ်းမှုလျှော့ချရေး
ရေပေးဝေရေးနှင့် ကိုင်တွယ်မှု အဆင့်ဆင့်မှ ညစ်ညမ်းမှု ထပ်မံ မပေါ်ပေါက်စေရန် ကာကွယ်ရေး

## ၇။ WSP ၏ အခြေခံ လိုအပ်ချက်များ (Fundamental requirements of WSP)

(က) ရေပေးရေးစနစ် - (ရေအရင်းအမြစ်မှအစ သိုလှောင် သုံးစွဲသည်အထိ) တစ်ခုလုံးကို ကြေကြေ ညက်ညက် နားလည် သဘောပေါက်ထားရန်။

(ခ) WSP သည် အောက်ပါအချက်များကြောင့် အကျိုးသက်ရောက်မှု ရှိကြောင်း သိရှိနားလည်ရန်

- ရေအရင်းအမြစ်များကို ညစ်ညမ်းစေနိုင်သည့် အချက်အလက်များနှင့် ယင်းတို့၏ ပယောဂ ကြောင်ပေါ်ပေါက်လာနိုင်သည့် သက်ရောက်မှုများ ( Impact )
- သန့်ရှင်းအောင်ပြုပြင်သည့် အဆင့်ဆင့်နည်းစဉ်များ (Processes)၊စွမ်းဆောင်နိုင်မှု၊ ယုံကြည်စိတ်ရမှုကို ထိန်းချုပ်နိုင်သော ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ် ကွပ်ကဲမှုများနှင့် ရေသန့်မသန့် ဆန်းစစ်ဆုံးဖြတ်ရာတွင် အသုံးပြုမည့် အခြေခံသတ်မှတ်ချက်များ ( Parameter )
- ရေဖြန့်ဝေရေးတွင် ဖြန့်ဝေသည့်ရေပမာဏနှင့် ဖိနှိပ်အား၊ အစမှအဆုံး ဖြတ်သန်းစီးဆင်းသွားရသည့် လမ်းကြောင်းတလျှောက် အသုံးပြုထားသည့် ပစ္စည်းကိရိယာများနှင့် အန္တရာယ်ဖြစ်နိုင်ခြေ။

(ဂ) ဤစံနစ်သည်ရေအရည်အသွေးပါတ်သက်၍ စိတ်ချရရုံမျှမက၊ အကျိုးသက်ရောက်မှုပိုများပြီး ရေဆုံးရှုံးမှုကို လည်းလျှော့နည်းစေပါသည်၊ ထို့ကြောင့်ရေကို ပိုမိုဖြန့်ဝေနိုင်မည်ဖြစ်ပါသည်။

## ၈။ သမရိုးကျချဉ်းကပ်ရေးနည်းလမ်း (Traditional Approach) ၏ ကန့်သတ်ချက်များ

- ရေအရည်အသွေးစမ်းသပ်ခြင်းကိုသာ အများဆုံးမှီခိုနေရခြင်း၊
- စမ်းသပ်စစ်ဆေးရမည့် Parameters များပြားလွန်းပြီး လက်တွေ့တွင် ကျွမ်းကျင်မှုဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် ခဲယဉ်းခြင်း၊
- လက်ရှိဇီဝဗေဒ စမ်းသပ်စစ်ဆေးမှုမှာ အားနည်းခြင်း၊
- ညစ်ညမ်းမှုကို စမ်းသပ်၍တွေ့ရှိဖော်ထုတ်နိုင်ချိန်တွင် အဆိုပါရေကိုအသုံးပြုပြီးဖြစ်နေခြင်း၊
- ညစ်ညမ်းမှု အနေအထားကို ထင်ဟပ်ပြသသည့် ရေနမူနာအလုံအလောက် ရရှိရန် အခက်အခဲရှိခြင်း (အချိန်၊လူအင်အား ဓါတ်ခွဲခန်း)၊
- ရေအရည်အသွေးစမ်းသပ်မှုအပေါ်တွင်သာ စူးစိုက်ပြီး အာမခံချက်နှင့်စိတ်ချ ရမည့် နည်းလမ်းများကို လျစ်လျူရှုထားခြင်း၊

## ၉။ ဆောင်ရွက်မှု၏ရလာဒ်များ (System Assessment Results)

- ဘေးဥပဒ်ဖြစ်စေနိုင်မည့် အလားအလာများကို ဖော်ထုတ်နိုင်ပြီး ဖြစ်ပေါ်လာမည့် အခြေအနေနှင့်ပြဿနာ၏ အတိမ်အနက်ကို ခန့်မှန်းနိုင်သည်၊
- ထိုမှတဆင့် Risk Assessment များကို ပြုလုပ်၍ အန္တရာယ်ဖြစ်နိုင်ခြေ (Risk) အတိမ်အနက်ကို ဦးစားပေး သတ်မှတ်ကာ ထိန်းချုပ်နိုင်သည်၊
- အန္တရာယ်တစ်ခုခြင်းအလိုက် အသေးစိတ်ထိန်း ချုပ်မှု အစီအစဉ်ချမှတ်နိုင်မည်၊
- ထိန်းချုပ်မှု ( Control ) တစ်ခုစီအတွက် ကြပ်မတ်စစ်ဆေးခြင်း ( Monitoring ) နှင့် *အတည်ပြုနိုင်ရန် ပြန်လည်စီစစ်ခြင်း* ( Verification ) များကို ဆောင်ရွက်နိုင်သည်၊

WSP လုပ်ငန်းဆောင်ရွက်ရာတွင် System Assessment သည် အဓိကအရေးကြီးဆုံးအချက်ဟု ဆိုနိုင်ပါသည်။ System Assessment မှ တွေ့ရှိချက်များ ပြည့်စုံမှန်ကန်တိကျရန်လိုသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းစစ်ဆေးတွေ့ရှိချက်များပေါ်မူတည်၍ ရှေ့လုပ်ငန်းစဉ်များကို ပြင်ဆင်ပြုစုရသောကြောင့်ဖြစ်သည်။ ကွင်းဆင်းလေ့လာရာ၌ ရေအရင်းအမြစ်နှင့် ရေရယူသည့် နေရာများကို စစ်ဆေးရာတွင်အသုံးပြုသော Sanitary Inspection ပုံစံ ကို သုံးနိုင်သည်။ ထိုမှတစ်ဆင့် ရေသန့်စင်မှုစနစ်ရှိပါက နည်းစနစ် မှန်ကန်မှု အစီအစဉ်ကျမှု ဆောင်ရွက်မှုနည်းစဉ် မှန်ကန်မှု ( Standard Operating Procedure, SOP) များကို ဂရုပြုစိစစ်ရပါမည်။ ရေဖြန့်ဖြူးရာတွင်လည်း ရေပိုက်များယိုစိမ့်မှု၊ ရေထိန်းသောကန်များ ယိုစိမ့်မှု၊ ရေထိန်းသောကန်များရေဝပ်နေမှု၊ ရေပိုက်သည် ရေဆိုးမြောင်း၊ ရေဆိုးအိုင်များမှ ဖြတ်သန်းသွားမှုနှင့် (၂၄)နာရီ ရေပေးဝေမှု ရှိ/မရှိကို သော်လည်းကောင်း၊ ပြည်သူတို့ရယူကိုင်တွယ် သိုလှေ-ာင် သုံးစွဲရာတွင်လည်း ရေကိုညစ်ညမ်းစေသော အပြုအမူရှိ/မရှိ စသည်တိုကို ဘက်စုံထောင့်စုံမှ လေ့လာ မှတ်တမ်းတင်ရပါမည်။ သို့မှသာလျှင် အန္တရာယ်ဖြစ်နိုင်ခြေ (Risk)နှင့် ပြဿနာ၏ အတိမ်အနက်ကို ခွဲခြား၍ ဦးစားပေးစနစ်ချမှတ်ကာ ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

System Assessment လုပ်သောအခါ Water Treatment Plant ဖြစ်ပါက အထူးဂရုစိုက် ရပါမည်။ အဘယ့်ကြောင့်ဆိုသော် စက်ရေတွင်း၊ စိမ့်စမ်းရေစသည်များမှာ မြေအောက်ရေ ဖြစ်ပြီး များသောအားဖြင့် အသင့်အတင့် သန့်စင်ပြီးဖြစ်သည်။ Water treatment လုပ်သောရေမှာ များသောအားဖြင့် မြေပေါ်ရေဖြစ်သော မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ အင်းအိုင်များမှ ရေဖြစ်ရာ အနည်းနှင့်အများ ဆိုသလို ညစ်ညမ်းမှုရှိနိုင်ပါသည်။

Water treatment တွင် အဆင့်ဆင့် ရှိရာ ရှေးဦးစွာ အနည်အမှုန်များစုဖွဲ့စေခြင်း ( Coagulation / Flocculation ) အလို့ငှါ ဓါတုပစ္စည်းများ (ဥပမာ။ ကျောက်ချဉ်၊ Aluminum Sulphate , Ferric Chloride စသည့်) တို့ကို စီးဝင်လာသော ရေထဲသို့ ခပ်ထည့်ပေးပြီး လျင်မြန်စွာ ရောနှောသမစေ၍ ဆက်လက်ပြီး အနည်စုစည်း ကြီးထွားလာစေရန် ညင်သာစွာ မွှေပေးရပါမည်။ ဖြစ်ပေါ်လာသော အနည်များကို အနည်ထိုင်စေခြင်း (Sedimentation)၊ ဖြင့် ရေတွင်ပါရှိသော အနည်အမှုန်များ အတော်အသင့် ဖယ်ရှားစေပြီးလျှင် သဲရေစစ်ခြင်း (Slow sand filter) ကလိုရင်းဆေးခတ်ခြင်း (ပိုးသတ်ခြင်း) (Chlorination / Disinfection) တို့ကို ဆက်လက်ပြုလုပ်ရပါသည်။ အဆင့်ဆင့်ရှိသော ကန်တို့မှာလည်း အချို့မှာ လေးထောင့်၊ အချို့မှာအဝိုင်း ပုံသဏ္ဌာန်၊ ရေစစ်ရာတွင်လည်း အနှေးနှုန်းရေစစ်ခြင်း၊ (Slow Sand Filter) အမြန်နှုန်းရေစစ်ခြင်း (Rapid Sand Filter) ဖိနှိပ်အားသုံးရေစစ်ခြင်း (Pressurized Filtration ) ဟူ၍ အမျိုးမျိုးရှိပြီး ၎င်းတို့၏ ရေစစ်နှုန်းများ၊ ဆေးခပ်ရာတွင်လည်း အိုဇုံး၊ ကလိုရင်းစသည်ဖြင့် ဆေးခပ်ခြင်းတို့ကြောင့် အဆိုပါ ရေသန့်စင်မှု အဆင့်ဆင့် တွင်ရှိသင့်သည့် ဆိုင်းငံ့ချိန် ( Detention time) ဖြတ်သန်းစီးဆင်းနှုန်း ( Flow-through-rate)၊ ရေစီးထွက်နှုန်း ( Overflow rate)၊ ရေစစ်ရာတွင် အသုံးပြုသည့် သဲ၏အရွယ်အစား( Effective size )၊တူညီမှုကိန်း(Uniformity coefficient )၊သဲထု၊သဲကို ပြန်လည်ဆေးကြောရာတွင် အသုံးပြုသည့် ရေပမာဏ ( Wash water volume ) ၊ ပိုးသတ်ဆေးစခပ်ရာတွင် အသုံးပြုသည့် ဆေးခပ်နှုန်းထား တို့ကို သိရှိနိုင်ပါက System Assessment အတွက် များစွာ အထောက်အကူဖြစ်နိုင်သည်။ ဤကိစ္စကိုမူ ကျွမ်းကျင်သူ တစ်ဦးဦးအား တာဝန်ပေး ဆောင်ရွက်စေသင့်ပါသည်။

System Assessment လုပ်ရာတွင် တွေ့ရှိချက်ကို မူတည်၍ ဆုံးဖြတ်ရပါသည်။ မိမိတို့ကိုယ်စွမ်းရှိသမျှဉာဏ်စွမ်းရှိသမျှကိုအတွေ့အကြုံနှင့်ပေါင်းစပ်ကာတွေးတော ဆင်ခြင်၍ ယထာဘူတ ကျကျ အဖြေရှာရပါသည်။

သောက်သုံးရေပေးဝေရေးစနစ်ကို အကဲဖြတ်ရာ၌ အောက်ပါသတင်း အချက်အလက်များသည် လုပ်ငန်း ဆောင်ရွက်ရာတွင်များစွာ အထောက်အကူပြုပေသည်။

| ရေပေးရေးစနစ်အစိတ်အပိုင်း | ရယူသင့်သည့် သတင်းအချက်အလက်များ |
|---|---|
| ရေဝေရေလဲဒေသ | ဘူမိဗေဒနှင့်ဇလဗေဒ၊ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ တောရိုင်းသတ္တဝါများနေထိုင်မှု၊ဖွံ့ဖြိုးတိုးတက်မှုနှင့် မြေအသုံးချမှု၊ ရေဝေရေလဲဒေသအတွင်း ရေညစ်ညမ်းမှုကို ပေါ်ပေါက်စေနိုင်သော လုပ်ဆောင်ချက်၊ အနာဂတ်တွင် ဆောင်ရွက်ရန် လျာထားသော စီမံကိန်းများ။ |
| မြေပေါ်ရေ | ရေ၏ပင်ကိုယ်အနေအထား(ဥပမာ။ ။မြစ်၊ ရေလှောင်ကန်၊ သဘာဝရေကန်)၊ရုပ်ဗေဒအခြေအနေ(အရွယ်အစား၊ပုံသဏ္ဍာန်၊ ရေ၏အပူချိန်)၊ ရေစီးနှုန်းနှင့် ပမာဏစိတ်ချနိုင်မှု၊ သိုလှောင်ပမာဏ၊ ရေတွင်ပါဝင်သည့် ရုပ်ဗေဒ၊ ဓါတုဗေဒ၊ ပိုးမွှားဗေဒ အချက်အလက်များ၊ ကာကွယ်ထားမှုရှိမရှိ၊ လူတို့၏ အပြုအမူ (အပန်းဖြေ၊ ပို့ဆောင်ရေးစသည်) |
| မြေအောက်ရေ | ရေအောင်းလွှာအမျိုးအစား (Confined or Unconfined aquifer)နှင့် ၎င်း၏ဇလဘူမိအခြေအနေ၊ရေစီးနှုန်းနှင့် စီးသွားရာ တူရူအရပ်၊ ရေပြန်လည်ဖြည့်တင်းနိုင်သည့် ဧရိယာနှင့် ရေပမာဏ ရေတွင်းထိပ်တွင် ကာကွယ်ထားမှုနှင့် စက်ရေတွင်း အနက် ပိုက်ချအနက်၊ဇကာချထားသည့် နေရာနှင့် ဇကာပိုက် အရှည်။ |
| ရေသန့်စင်ခြင်း | ရေသန့်စင်မှုအဆင့်ဆင့် (နေ့စဉ် လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်) ၊ ဒီဇိုင်းအချက်လက်များ၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ အသုံးပြုသော ဓါတုဗေဒ ဓါတ်ဆားများ၊ သန့်စင်မှု၏ ထိရောက်မှုအခြေအနေ၊ ပိုးသတ်ခြင်း ဆိုင်ရာ ကိစ္စရပ်များ။ |
| ရေသိုလှောင်ကန်ကြီးများနှင့် ရေဝေပိုက်စနစ် | ရေသိုလှောင်ကန်ဒီဇိုင်းနှင့် သိုလှောင်ထားနိုင်သည့် အချိန်နှင့် ပမာဏ၊ ရာသီအလိုက်ပြောင်းလဲမှု၊ ကာကွယ် စောင့်ရှောက်ထားမှု (အဖုံး၊အကာအရံ၊ အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်မှု) ရေဝေပိုက်စံနစ်နှင့် ဒီဇိုင်း၊ ရေဖိနှိပ်အား၊ ရေစီးနှုန်းနှင့် ပိုက်အတွင်းရှိနေသည့်ရေ၏ အချိန်ကာလ ( Water age )၊ ပြောင်းပြန် ရေပြန်လည်စီးဝင်နိုင်မှု ကာကွယ်ရေး ( Backflow protection ) ၊ ပိုးသတ်ဆေး ဓါတ်ကြွင်း၊ ( Disinfectant residue ) |

၁၀။ ထိန်းချုပ်ရန် နည်းလမ်းများ ရှာဖွေခြင်း **(Identifying Control Measures )**

System Assessment အကြောင်းရှင်းလင်းပြီးနောက် ဒုတိယအဆင့်ဖြစ်သည့် Identifying Control Measure ဖြစ်သည့် အန္တရာယ်ပေါ်ပေါက်လာနိုင်သည့်အခြေအနေကို ထိန်းချုပ်ရန် နည်းလမ်းများ ရှာဖွေခြင်းကို တင်ပြပါမည်။ ဤသို့တင်ပြရာတွင် ဂရုပြုရမည့် အစိတ်အပိုင်းကြီး(၄) ခုပေါ် မူတည်ပြီး ဆွေးနွေးပါမည်။

**(က) ရေအရင်းအမြစ်ကာကွယ်ထိန်းသိမ်းရေး**

- ရေအရင်းအမြစ်ရှိရာ ဒေသတစ်ဝိုက်တွင် အထူးသီးသန့်ကာကွယ်စောင့်ရှောက်မှု (ဥပမာ၊ ဓါတုဗေဒစက်ရုံများ၊ လောင်စာဆီဖြည့်တင်းသည့်နေရာများ မရှိစေရန် ထိန်းချုပ်ခြင်း)
- ရေ ဝေရေလဲ ဧရိယာအတွင်း လူတို့၏ ပြုမူဆောင်ရွက်မှုများကို ထိန်းချုပ်ခြင်း၊
- အညစ်အကြေးစွန့်ပစ်ရည်များ ထိန်းချုပ်ခြင်း (Domestic and Industrial)၊
- ရေဝေရေလဲ ဧရိယာအတွင်းသို့ ဝင်ရောက်နှောက်ယှက်ခြင်းမှ ကာကွယ်၍လုံခြုံမှု ထိန်းသိမ်းခြင်းတို့မှာ အဓိကကျသော အချက်အလက်များဖြစ်သည်။

**(ခ) ရေသန့်စင်ခြင်း**

- ဆေးရော၍ အနယ်ဖြစ်စေပြီး၊အနည်ကြီးထွားစေခြင်းနှင့် အနယ်ထိုင်သည့် ကန်များ လည်ပတ်မှုကို နည်းစံနစ် မှန်ကန်စေရန် ကွပ်ကဲထိန်းချုပ်ခြင်း၊
- အတည်ပြုသတ်မှတ်ထားသော ဓါတုဗေဒဓါတ်ဆားနှင့် ပစ္စည်းများကိုသာ အသုံးပြု၍ ထိန်းချုပ်ခြင်း၊
- နည်းစံနစ်နှင့် နည်းစဉ် မှန်ကန်စွာဆောင်ရွက်စေရန် ထိန်းချုပ်ခြင်း၊
- ခွင့်ပြုချက်မရှိဘဲ စက်ရုံအတွင်းသို့ ဝင်ရောက်နှောက်ယှက်ခြင်းမှကာကွယ်၍ လုံခြုံမှု ရှိရန် ဆောင်ရွက်ခြင်း၊

**(ဂ) ရေဖြန့်ဖြူးရာ၌ ရေပေးဝေရေးပိုက်စံနစ်**

- ရေဝေပိုက်စနစ်ကို ထိရောက်စွာ ထိန်းသိမ်းခြင်း၊
- ကျောထောက်နောက်ခံ စနစ်နှင့် ပစ္စည်းများလုံလောက်မှုရှိခြင်း (လျှပ်စစ် / အင်ဂျင် ပါဝါ၊ အပို ပစ္စည်း ကိရိယာစသည်)၊
- လုံလောက်သည့်ပိုးသတ်ဆေး ဓါတ်ကြွင်းရှိခြင်း (Adequate Disinfectant Residue)၊
- ပြင်ဆင်ထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း ချမှတ်ထားရှိခြင်း၊
- ရေဖိနှိပ်အား လုံလောက်စွာ ရရှိနေစေရန် ထိန်းချုပ်ခြင်း၊
- တမင်သက်သက်ဖျက်ဆီးခြင်း၊ တရားမဝင်ရေပိုက်ဆက်သွယ်ယူခြင်း၊ ယိုစိမ့်မှုကြောင့် လေလွင့်ဆုံးရှုံးခြင်း စသည်တို့ကို ကာကွယ်ခြင်း၊

(ဃ) ရေဝေပိုက်မသုံးဘဲရေရှိရာနေရာမှ ရေပေးဝေခြင်း၊ အများပြည်သူနှင့် မိသားစု အလိုက် ရေပေးဝေခြင်း
ဤစနစ်တွင် ယေဘူယျအားဖြင့် (၄) မျိုးရှိပါသည်။

(၁) လက်တူးရေတွင်း (**Dug Well**)

- အုတ်၊ ကွန်ကရစ်ဝွေချထားပြီး အပေါ်ပိုင်းတွင် ရေစိမ့်မဝင်စေနိုင်ရန် သရိုးကိုင် ထားခြင်း၊ အဖုံး/အမိုးထားရှိခြင်း၊
- တွင်းပတ်လည် မြေပေါ်တွင် ရေစိမ့် မဝင်နိုင်စေရန် သမံတလင်းခင်းထားခြင်းနှင့် ရေနုတ်မြောင်း ဖောက်ထားခြင်း၊
- တတ်နိုင်လျှင် လက်နှိပ်တုံကင်ထားရှိခြင်း (သို့မဟုတ်) ဘုံသုံး ရေငင်ပုံး အသေတပ် ဆင် အသုံးပြုခြင်း (သို့မဟုတ်) ကြိုးတပ်ရေတင်ပန့်တပ်ထားခြင်း၊

(၂) တွင်းတိမ်စက်ရေတွင်း (**Shallow Tubewell**)

- စက်ရေတွင်းထိပ်တွင် ရေစိမ့်ဝင်မှုမရှိစေရန် သေချာစွာတည်ဆောက်ထားခြင်း၊
- ညစ်ညမ်းမှုကိုဖြစ်စေနိုင်သော တွင်းအိမ်သာ၊ တိရစ္ဆာန်မွေးမြူရေး၊ ရေဆိုးရေအိုင် များနှင့် လုံလောက်သော အကွာအဝေးတွင် တည်ရှိခြင်း၊

(၃) ကာကွယ်ထားသော ရေကန်၊ (**Improved Pond**)

- ကျေးရွာရှိသောက်သုံးရေအတွက်သီးသန့်ကာကွယ် ထားသော သောက်ရေကန်များ၊
- သောက်ရေကန်အတွင်းသို့ ပြင်ပမှ လူနှင့်တိရာစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ကာရံထားခြင်း၊
- ရေကို ရေကန်အပြင်ဘက်မှ လက်နှိပ်ပန့်တပ်၍သော်၎င်း၊ ရေခပ်တွင်းငယ်မှ ရေငင်ပုံးဖြင့် ရေခပ်ယူခြင်း၊

(၄) မိုးရေခံယူသိုလှောင်ခြင်း (**Roof-catchment Rain Water Collection Tank**)

- အိမ်ခေါင်မိုးနှင့် ရေတံလျှောက်များတွင် ဖုံ၊ အမှိုက်၊ ငှက်သတ္တဝါတို့၏ အညစ် အကြေး ကင်းစင်ခြင်း၊
- နှစ်စဉ် ပထမဆုံးတစ်ကြိမ်နှစ်ကြိမ်နှင့် အခြားလိုအပ်သောအခါတိုင်းတွင် ရွာသွန်း သော မိုးရေကို သိုလှောင်ကန် အတွင်းသို့ မစီးဝင်စေဘဲ ပြင်ပသို့ စွန့်ပစ်နိုင် စေရန် အစီအမံထားရှိခြင်း။

## ၁၁။ WSP အကောင်အထည်ဖော်ဆောက်ရွက်ရာတွင် ကြပ်မတ်စစ်ဆေးရမည့်အချက်များ (Operational Monitoring Procedures)

| Operational parameters | Raw Water | Coagulation | Sedimentation | filtration | Disinfection | Distribution system |
|---|---|---|---|---|---|---|
| pH | | ✓ | ✓ | | ✓ | ✓ |
| Turbidity | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| Dissolved Oxygen | ✓ | | ▪ | | ▪ | ▪ |
| Colour | ✓ | | ▪ | | ▪ | ▪ |
| Total Dissolved Solids | ✓ | | ▪ | | ▪ | ▪ |
| Chemical dosage | | ✓ | ▪ | | ✓ | ▪ |
| Flow rate | | ✓ | ✓ | ✓ | ✓ | ▪ |
| Head loss | | ▪ | ▪ | ✓ | ▪ | ▪ |
| Disinfection By-Product | | ▪ | ▪ | | ✓ | ✓ |
| Disinfectant Residue | | ▪ | ▪ | | ✓ | ✓ |
| Pressure | | ▪ | ▪ | | ▪ | ✓ |

အထက်ဖော်ပြပါဇယားတွင် မလွဲမသွေ စိစစ်စစ်ဆေးလိုက်နာရမည့် အချက်အလက်များကို သင့်တော်သလို အကျဉ်းချုံး၍ ဖော်ပြထားပါသည်။

## ၁၂။ အတည်ပြုနိုင်ရန်ပြန်လည်စီစစ်ခြင်း (Verification)

System Assessment , Identifying Control Measures and Operational Monitoring လုပ်ငန်းစဉ်အသီးအသီးမှ စစ်ဆေးတွေ့ရှိချက်များသည် မျက်မြင်ရုပ်ပိုင်းဆိုင်ရာ တွေ့ရှိချက်များသာဖြစ်သည်၊ ဤအချက်များအရ ဘေးအန္တရာယ်အရပ်ရပ်တို့ ပေါ်ပေါက်လာနိုင်ရာ ယင်းတို့ကြောင့် ရေ၏အရည်အသွေးကို နိမ့်ကျစေနိုင်သည်။ မည်မျှနိမ့်ကျသွားသည် ဆိုသည့် အချက်ကိုမူ ဓါတ်ခွဲစမ်းသပ်ကြည့်မှသာ တိကျသောအဖြေပေးနိုင်သည်။ သို့မှသာလျှင် အထက်တွင် ဖော်ပြထားသောလုပ်ငန်းစဉ်များမှ တွေ့ရှိစစ်ဆေးချက်များ မှန်ကန်ကြောင်း အတည်ပြုနိုင် မည်ဖြစ်သည်။ အထက်ပါ ဘေးအန္တရာယ်များအပြင် သဘာဝအားဖြင့် ရေတွင်ပျော်ဝင် နေသောကျန်းမာရေးကို ထိခိုက်နိုင်သည့်ဓါတုဗေဒပစ္စည်းများ၊ ဘက်တီးရီးယားပိုးများကိုလည်း အဆိုပါ ဓါတ်ခွဲစမ်းသပ်မှုကသာ အဖြေပေးနိုင်သည်ဖြစ်ရာ အဆိုပါဓါတ်ခွဲ စမ်းသပ်မှုကို မလွဲမသွေ ဆောင်ရွက်ရပေမည်။

၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဌာနစိတ်တို့ ပူးပေါင်း၍ (pH, Turbidity, EC, Iron, Fluoride, Ammonia, E.Coli, Nitrate, Manganese & Arsenic) စတင်တိုင်းတာခဲ့ပါသည်၊ စီမံကိန်းကို တောင်ပေါ်ဒေသဖြစ်သည့် ညောင်ရွှေ၊ ပြင်ဦးလွင်၊ အပူပိုင်းဒေသဖြစ်သည့် ကျောက်ပန်းတောင်း၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဝါးခယ်မ၊ဘိုကလေး၊ ကမ်းရိုးတန်းဒေသဖြစ်သည့် သံတွဲနှင့် ထားဝယ်မြို့နယ်များတွင် အကောင်အထည်ဖော်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတွင် အဆိပ်သင့်စေသည့် အာဆင်းနစ်ဓါတ်ကို သောက်ရေတွင်းများတွင် တွေ့ရှိမှုကြောင့် ဘူမိဗေဒနှင့်ဇလဘူမိဗေဒ အနေအထားအရ ဆင်တူသည့် မြန်မာနိုင်ငံ၏ သောက်သုံး ရေတွင် အာဆင်းနစ်နှင့်အတူ တစ်ပါတည်း

အခြားသတ်မှတ်ချက် (၉) မျိုးကိုလည်းစမ်းသပ်ရန် စီမံချက်ရေးဆွဲ၍ ၂၀၀၁ ခုနှစ်တွင် Drinking Water Quality Testing Programme အနေဖြင့် စတင် ဆောင်ရွက် ခဲ့ပါသည်။ အဆိုပါ အစီအစဉ်တွင် ကွင်းသုံးစမ်းသပ်ကိရိယာများဖြင့် Parameter (၁၀) ခုကို စမ်းသပ်ခဲ့သည့်အပြင် ရေထွက်ပင်ရင်း၊ ရေအရင်းအမြစ်တည်ရှိရာ နေရာများ၏ သန့်ရှင်းမှု အခြေအနေ စစ်ဆေးချက် ( Sanitary Inspection) တို့ကိုပါ တပြိုင်တည်း ပြုလုပ်ခဲ့ပါသည်။



Potalab , Wagtech International Ltd. , UK

၄င်း Parameter (၁၀) မျိုးမှာ

| သတ်မှတ်ချက် | ရေတွက်ပုံနှင့် အများဆုံးခွင့်ပြုချက် | |
|---|---|---|
| | ယခင်(၁၉၉၀) | ပြင်ဆင်ပြီး(၂၀၀၆) |
| (က) ကျန်းမာရေးကိုထိခိုက်စေသည့် အချက်အလက်များ | | |
| (1) Faecal Coliforms | 0 Coliforms/100 ml | 0 Coliforms / 100 ml |
| (2) Arsenic | 0.05 mg/l | 0.05 mg/l |
| (3) Nitrate | 10 mg/l (as N) | 50 mg/l (as $NO_3$) |
| (4) Fluoride | 1.5 mg/l | 1.5 mg/l |
| (ခ) ကျန်းမာရေးကို မထိခိုက်နိုင် သော်လည်း နှစ်လိုဖွယ်မရှိခြင်းကို ပေါ်ပေါက်စေနိုင်သည့် အချက်အလက်များ | | |
| (1) pH | 6.5 to 9.2 | 6.5 to 8.5 |
| (2) Turbidity | 20 NTU | 5 NTU |
| (3) Electrical Conductivity | 1500 µs/cm | 1500 µs/cm |
| (4) Iron | 1.5 mg/l | 1.0 mg/l |
| (5) Chloride | 600 mg/l | 250 mg/l |
| (6) Hardness (Total as $CaCO_3$) | 500mg/l | 500 mg/l |

အဆိုပါ Drinking Water Quality Testing Program စီမံချက်ကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (WRUD)၊ စည်ပင်သာယာရေး ဦးစီးဌာန (DDA) နှင့် ယူနီဆက် (UNICEF) တို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါသည်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ စုစုပေါင်းရေနမူနာ (၄၉၆၉) ကို မြို့နယ် (၉၇) ခု တွင်လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနမှ စုစုပေါင်း ရေနမူနာ (၄၀၂၃) ကို မြို့နယ် (၁၄၅) ခု တွင်လည်းကောင်း အသီးသီး စစ်ဆေးခဲ့ရာ စုစုပေါင်းရေနမူနာ (၈၉၉၂) ကို စမ်းသပ်စစ်ဆေးခဲ့ပါသည်။



Merck Arsenic Test Kit , Germany

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ်အရေအတွက် | | စုစုပေါင်း |
|---|---|---|---|---|
| | | WRUD | DDA | |
| ၁။ | ကချင် | | ၉ | ၉ |
| ၂။ | ကရင် | | ၇ | ၇ |
| ၃။ | ကယား | ၂ | | ၂ |
| ၄။ | ချင်း | ၄ | | ၄ |
| ၅။ | ရခိုင် | ၆ | ၆ | ၁၂ |
| ၆။ | မွန် | | ၁၀ | ၁၀ |
| ၇။ | ရှမ်း | ၂ | ၃၃ | ၃၅ |
| ၈။ | စစ်ကိုင်း | ၁၉ | ၁၄ | ၃၃ |
| ၉။ | မန္တလေး | ၁၅ | ၁၀ | ၂၅ |
| ၁၀။ | မကွေး | ၁၄ | ၆ | ၂၀ |
| ၁၁။ | ပဲခူး | ၁၁ | ၁၆ | ၂၇ |
| ၁၂။ | ဧရာဝတီ | ၉ | ၁၇ | ၂၆ |
| ၁၃။ | ရန်ကုန် | ၁၅ | ၈ | ၂၃ |
| ၁၄။ | တနင်္သာရီ | | ၉ | ၉ |
| | စုစုပေါင်း | ၉၇ | ၁၄၅ | ၂၄၂ |

အဆိုပါစီမံချက်အရ စစ်ဆေးခဲ့သော ရေနမူနာများအနက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စစ်ဆေးခဲ့သော စုစုပေါင်းရေနမူနာ (၄၉၆၉) ကို ဓါတ်ခွဲစမ်းသပ်မှုအရ ရရှိသော အဖြေနှင့် Sanitary Inspection အရ ရရှိသောအဖြေများကိုပါ တိုက်ဆိုင်စစ်ဆေး စီစစ်ခဲ့ပါသည်။ တွေ့ရှိချက်များကို မြို့နယ်အလိုက် သော်လည်းကောင်း၊ တိုင်းနှင့်ပြည်နယ်အလိုက် သော်လည်းကောင်း၊ ရေထွက်ပင်ရင်း အမျိုးအစားအလိုက် သော်လည်းကောင်း၊ ပြုစုရေးသားတင်ပြ ခဲ့ပါသည်။ သတ်မှတ်ချက် (၁၀) ခုအနက် ကျန်းမာရေးကို မထိခိုက်နိုင်သည့် pH နှင့် Turbidity ကိုမူ တစ်ခုခြင်းသုံးသပ် မဖော်ပြတော့ဘဲ အခြား အသေးစိတ်များကို အထောက်အကူပြုသည့် အနေဖြင့်သာ ထည့်သွင်းစဉ်းစားခဲ့ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့၏ ရေနမူနာ ဓါတ်ခွဲစမ်းသပ်မှုအဖြေများနှင့် ဘူမိဗေဒ၊ ဇလဘူမိဗေဒဆိုင်ရာ အချက်အလက်များ ပေါ်တွင် အခြေခံပြီး ရေတွင်အာဆင်းနစ်ဓါတ်ပါဝင်မှုကို ဆန်းစစ်ရန်စုစုပေါင်းရေနမူနာ(၈၉၉၂) ကို စစ်ဆေးခဲ့ပါသည်။၎င်းသို့စစ်ဆေးရာတွင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏စစ်ဆေးချက်အရ သတ်မှတ်ထားသော အာဆင်းနစ်ပါဝင်မှု 0.05 mg/l ကျော်လွန်သော ရေနမူနာ (၇၉) ခုနှင့် စည်ပင်သာယာရေးဦးစီးဌာန၏စစ်ဆေးချက်အရ ရေနမူနာ(၆၃)တွေ့ရှိခဲ့ရာ စုစုပေါင်း (၁၄၂) ဖြစ်ပါသည်။

ထို့နောက် လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ၊ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်း(၁၀) ခုတွင်ရှိသော မြို့နယ်ပေါင်း (၄၇)ခု၏ ရပ်ကွက်နှင့်ကျေးရွာပေါင်း (၆၃၀၀)တွင်ရှိသော ရေနမူနာပေါင်း (၂၁၀၀၀၀)ခန့်ကို စမ်းသပ်ခဲ့ရာ (၈) ရာခိုင်နှုန်းခန့်သည် သတ်မှတ်ထားသော အာဆင်းနစ်ပါဝင်မှုပမာဏ 0.05 mg/l (50 ppb) ထက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ဆက်လက်၍ အဆိုပါအချက်အလက်များပေါ်မူတည်ပြီး ဆေးလက်တွေ့သုတေသနဌာနခွဲ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) က အာဆင်းနစ်ပါဝင်မှု များပြားသော ဒေသများဖြစ်သည့် ဧရာဝတီတိုင်းမှ (၅)မြို့နယ်နှင့် ပဲခူးတိုင်းမှ (၅)မြို့နယ်တို့တွင်ရှိ ကျေးရွာပေါင်း (၁၄၆) ရွာမှ အိမ်ထောင်စုပေါင်း (၅၁၈၇) တွင်နေထိုင်သောလူဦးရေစုစုပေါင်း(၂၁၅၄၃)ကို အာဆီနီကိုဆစ်

(Arsenicosis)ဖြစ်ပွားမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ရောဝတီတိုင်းတွင် သံသယဖြစ်ဖွယ် လူ(၂)ဦးကို တွေ့ရှိရပါသည်။

ယခုစမ်းသပ်ဆောင်ရွက်မည့် ရှေ့ပြေးလေ့လာချက် ( Pilot Study) တွင်မူ သတ်မှတ်ချက် (၁၀) ခု စလုံးအပြင် Lead, Manganese and Zinc တို့ကိုပါ ရေအရင်းအမြစ်သဘာဝ အလိုက် ပါဝင်နိုင်သည်များကိုစမ်းသပ်၍ စမ်းသပ်မှုအစီရင်ခံစာပြုစုရာတွင်သတ်မှတ်ချက်တစ်ခုခြင်း အလိုက် သုံးသပ်တင်ပြသင့်ပါသည်၊ အကယ်၍ရေပေးရေးစနစ်တွင် ပိုးမွှားသေစေသော ကလိုရင်းခပ်ပါက ရေနမူနာထဲရှိ ကလိုရင်းဓါတ်အကြွင်း ( Residual Chlorine) ပမာဏကို သိရှိနိုင်ရန်၊ ရေဖြန့်ဝေရေးပိုက်လိုက်တစ်လျောက် ဆေးခပ်သောနေရာမှ မီတာ (၁၀၀၀)ခန့်တွင် တစ်နေရာနှင့် ပိုက်အဆုံးတွင် တစ်နေရာစုစုပေါင်း(၂)နေရာတွင် စမ်းသပ်သင့်ပါသည်။ ကလိုရင်းဓါတ်ဆေး အကြွင်းသည် ရေဖြန့်ဝေရေးပိုက်လိုင်း၏ အဝေးဆုံး နေရာတွင် 0.2 mg/l ရှိသင့်ပါသည်။

Verification လုပ်သည့်အခါ အထက်တွင်ဖော်ပြခဲ့ပြီးသော System Assessment Identifying Control Measure and Operational Monitoring တို့မှရရှိသော အချက်အလက်များကို Sanitary Inspection မှ ရရှိသောအချက်အလက်များနှင့် နှိုင်းယှဉ်တိုက်ဆိုင် စစ်ဆေး ရန်ဖြစ်ပါသည်။ အကယ်၍ သိသိသာသာ ကွာခြားပါက ပြန်လည်စစ်ဆေးစမ်းသပ်ရန် လိုအပ်ပါ သည်။

ဥပမာ။ ကာကွယ် စောင့်ရှောက် ထားခြင်းမရှိသော လက်တူးတွင်း၊ သာမန် ရေကန်များမှ ရေကို ဓါတ်ခွဲစမ်းသပ်ရာတွင် Faecal Coliform မပါရှိခြင်း၊ Arsenic, Fluoride နှင့် Iron များပြားနေခြင်း၊

-စက်ရေတွင်းမှရေသည် Faecal coliform အဆမတန်များပြားနေခြင်း၊ နောက်ကျို နေခြင်း၊ Nitrate များပြားနေခြင်း တို့ကိုတွေ့ရှိရပါက၊ တနေရာရာတွင် မှားယွင်း နေပြီဟု သုံးသပ်နှိုင်းယှဉ်ပြီး ထိုရေထွက်ပင်ရင်းကို ပြန်လည် ကြည့်ရှုစစ်ဆေးခြင်း သော်လည်းကောင်း၊ ရေနမူနာရယူ စမ်းသပ်စစ်ဆေးခြင်းကိုသော် လည်းကောင်း၊ ပြန်လည်ပြုလုပ်ပြီး ထပ်မံစိစစ် အတည်ပြု ရန်လိုအပ်ပါသည်။

## ၁၃။ စီမံခန့်ခွဲရေးနည်းလမ်းများ (Management Procedures)

စီမံကိန်းတစ်ခုခုကို အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲမှုသည် အဓိကအခန်းမှ ပါဝင် သည်။ စီမံကိန်းအောင်မြင်ရေးသည် လူ၊ ငွေ၊ ပစ္စည်း၊ နည်းစနစ်၊ စီမံခန့်ခွဲမှု၊ စက်ကိရိယာနှင့် အလုပ် လုပ်ချင်သည့် စိတ်ဓါတ် (Men, Money, Materials, Methods, Management, Machinery and Motivation 7 M ) ပေါ်မူတည်သည်ဖြစ်ရာ Management သည် လူသားတို့၏ လုပ်ဆောင်ချက်နှင့် စွမ်းပကားဖြစ်၍ စီမံခန့်ခွဲမှု ကောင်းလျှင်ကောင်းသလောက် တိုးတက်အောင် မြင်မည် ဖြစ်သည်။

- ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့်သူများအနေဖြင့် အရည်အချင်း ပြည့်ဝနေရပါမည်။ လိုအပ်ပါက ယင်းတို့အတွက် အထောက်အကူဖြစ်စေခြင်းငှာ သင်တန်း ပို့ချ လေ့ကျင့်ပေးရန် လိုအပ်ပါသည်။
- လိုအပ်သောရန်ပုံငွေရှိရန်လည်းလိုအပ်ပါသည်။သို့မှသာစီမံချက် (သို့မဟုတ်) စီမံကိန်း တစ်ခုကို အစမှ အဆုံးတိုင် ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ပေမည်။
- လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သော ပစ္စည်းများ လုံလုံလောက်လောက် ရှိရမည်ဖြစ်သည်။
- မှန်ကန်တိကျသော လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို တိကျစွာရေးဆွဲပြုစု၍

ပြုစုထားသည့်အတိုင်း လိုက်နာသည့် နည်းစနစ်လည်း ရှိရန်လိုအပ်ပါသည်။

- စီမံခန့်ခွဲမှုဆိုသည်မှာ အလွန်ကျယ်ပြန့်ပြီး အရေးပါအရာရောက်သည့်၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ လုပ်ငန်းဆောင်ရွက်ရေးအပြင် အထက်တွင်ဖော်ပြထားသော 7M လုံး အကျုံးဝင်သည်။ သတ်မှတ်ကာလအတွင်း အချိန်နှင့်တပြေးညီ ချောမောစွာ ဆောင်ရွက်နိုင်ရေး၊ ပေါ်ပေါက်လာသော ပြဿနာ အရပ်ရပ်ကို မှန်ကန်စွာဆုံးဖြတ်၍ ဖြေရှင်းပေးနိုင်ရေး၊ ဆက်သွယ်မှု အဆင့်ဆင့်ကို ချောမွေ့စွာ ဆောင်ရွက်ရေး တို့ပါဝင်သည်။

ရေပေးရေးစနစ်တစ်ခုကို မည်သို့ပင်ကြပ်မတ်ကွပ်ကဲထားစေကာမူ တစ်ခါတစ်ရံ အောက်ပါအချက် တစ်ခုခု ကြောင့် မလိုလားသည့် အဖြစ်အပျက် ( Incident ) ပေါ်ပေါက်လာနိုင်သည်။

- လုပ်ငန်းလည်ပတ်ရာတွင် စောင့်ကြည့်ကြပ်မတ်ရမည့်အချက်အလက်များကို တိကျစွာ မလိုက် နာခြင်း၊
- ရေဆိုးရေညစ်များပြုပြင်သည့်စနစ် ချွတ်ယွင်းမှုကြောင့် အညစ်အကြေးများ၊ ရေအရင်းအမြစ် အတွင်းသို့ စီးဝင်ခြင်း၊
- ဘေးဥပဒ်ဖြစ်စေနိုင်သော ဓါတုပစ္စည်းများရေအရင်းအမြစ်ထဲသို့ ရောက်ရှိလာခြင်း၊
- လျှပ်စစ်/ အင်ဂျင်ပါဝါ ပြတ်တောက်သဖြင့် ပုံမှန်မလည်ပတ်နိုင်ခြင်း၊
- ရေဝေရေလဲဒေသ၌ လွန်ကဲစွာမိုးရွာသွန်းခြင်း၊
- ရေဝေရေလဲဒေသ၌ သစ်တောများအလွန်အကျွံခုတ်လှဲခြင်း၊
- ရေနောက်ကျိမှုသည် သာမန်ထက် လွန်ကဲလာခြင်း၊
- ရေ၏အရသာ၊ အနံ့နှင့် အရောင်အဆင်း ပြောင်းလဲမှု များပြားလာခြင်း၊
- ဘေးဥပဒ်ပေးနိုင်သော ပိုးမွှားများသာမန်ထက် လွန်ကဲစွာ များပြားလာခြင်း၊
- ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညွှန်းကိန်းဖြစ်သော ရေကြောင့်ဖြစ်ပေါ်သည့်ရောဂါများ ထူပြောလာခြင်း၊

ဤသို့ မမျှော်လင့်ဘဲ မလိုလားသည့် အဖြစ်အပျက်ပေါ်ပေါက်လာပါက အောက်ပါအချက်အလက်များ ကို အခြေခံ၍ စုံစမ်းလေ့လာရပါမည်။

- ပြဿနာပေါ်ပေါက်ရသည့်အကြောင်းရင်း၊
- ပေါ်ပေါက်လာသော ပြဿနာကို မည်သို့မည်ပုံဖေါ်ထုတ် သတ်မှတ်နိုင်ခဲ့ခြင်း၊
- အရေးကြီးဆုံးနှင့် အလိုအပ်ဆုံး အနေဖြင့် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊
- ထိထိရောက်ရောက် ဆောက်ရွက်နိုင်ခဲ့သည့် ဆက်သွယ်မှုကိစ္စရပ်များ၊
- ချက်ခြင်းလက်ငင်း ပေါ်ပေါက်လာမည့်ကိစ္စရပ်များနှင့် ရေရှည်တွင်ကြုံတွေ့ ရဖွယ်ရှိသည့် ကိစ္စရပ်များ၊
- ချမှတ်ထားသော အရေးပေါ်တုံ့ပြန်မှုစီမံချက် ( Emergency Response Plan ) သည် ထိရောက်မှု ရှိ မရှိသုံးသပ်ခြင်း၊

ထိုသို့ မမျှော်လင့်သည့် အဖြစ်အပျက်များ၊ အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက အဆိုပါ သင်ခန်းစာများကိုယူပြီး နောင်တွင် အဆင်သင့်ဖြစ်နေစေရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ ကိရိယာ တန်ဆာပလာများ မရှိသေးက အဆင့်သင့်ထားရှိခြင်း၊ ရှိပြီးဖြစ်ပါက လိုအပ်လျှင် ပြင်ဆင်ခြင်း၊ တိုးချဲ့ တပ်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲရပါမည်။

၁၄။ ဆက်သွယ်ပညာပေးခြင်း ( **Communication** )

Communication ကိုဆက်သွယ်ရေးဟု ဘာသာပြန်ခဲ့သဖြင့် ရုပ်ဝတ္ထုများ အသုံးပြု ဆက်သွယ်သော ပို့ဆောင်ဆက်သွယ်ရေးနှင့် ရောထွေးလေ့ရှိသဖြင့် လူအခြင်းခြင်း အသိပညာဖြန့်ဖြူးရေးအတွက် ဆက်သွယ်ခြင်းကို ***ဆက်သွယ်ပညာပေးခြင်း***ဟု ဘာသာပြန်ပါသည်။ဆက်သွယ်ရသည့် ရည်ရွယ်ချက်ထဲတွင်သတင်းပေးခြင်း (Information )နှင့်အတူ အသိပညာအတတ်ပညာဖြန့်ဖြူးခြင်း (Education )ပါ ပါဝင်ပါသည်။သို့ရာတွင် သတင်းပေးခြင်း၊ပြန်ကြားခြင်းများတွင် အသုံးပြုသည့် နည်းပညာနှင့် မီဒီယာမြောက်များစွာ ရှိသည့်အနက် ကွန်ပြူတာ နည်းပညာကို အသုံးပြုသော ( Information Technology )နှင့် ရောထွေးလျက် ရှိနေပါသည်၊ လူတုအခြေပြု Water Safety Plan တွင် သတင်းအချက်အလက်ပေးရာ၌ စက်ပစ္စည်း ( IT ) များထက် တန်ဖိုးရှိသော လူလူခြင်း ဆက်သွယ်မှု အကြောင်းကိုသာ ဦးစားပေးသင့်ပါသည်။

ဆက်သွယ်ပညာပေးခြင်းနည်းလမ်းစဉ်များတွင် လက်ခံရရှိသော လူတစ်ဦးချင်း၊ မိသားစုနှင့် အဖွဲ့အစည်းအလိုက် အသိပညာ ( Knowledge ) မြင့်မားလာခြင်း၊ ၎င်းအပေါ်မှီ၍ သဘောထား ( Attitude )ပြောင်းလဲလာခြင်း၊ သိထားသည်များကို လက်တွေ့ကျင့်သုံးနိုင်သည့် ကျွမ်းကျင်မှု ( Skills ) များရရှိလာခြင်း၊ ရရှိသော ကျွမ်းကျင်မှုများကို အသုံးချခြင်း ( Practice ) များပေါ်ပေါက်လာရန် မျှော်မှန်းထားသော်လည်း ထိရောက်မှု ( Impact ) နှင့်ပြောင်းလဲမှု( Change ) ဖြစ်ပေါ်မှု အားနဲပါသည်၊ သို့ဖြစ်၍ ခေတ်ပေါ်နည်းပညာများကိုအသုံးပြုကာ အပြုအမူကောင်းများ ဖြစ်ထွန်းလာစေမည့် **ထိရောက်သော ဆက်သွယ်ပညာပေးခြင်း** ( Communication and Behavioral Impact ) နှင့် **အပြုအမူပြောင်းလဲစေသော အသိပညာပေးခြင်း** ( Behavioral Change Communication ) နည်းစဉ်များပေါ်ပေါက်လာပါသည်၊ထို့အပြင်သာမန်လုပ်ရိုး လုပ်စဉ်မျိုးမဟုတ်ပဲ အရေးပေါ်အန္တရာယ်ကျရောက်နိုင်မည့် အခြေအနေမျိုးတွင် လူထုအနေဖြင့် ချက်ခြင်းလိုက်နာဆောင်ရွက်နိုင်စွမ်း မြင့်တင်ပေးသည့် **ဘေးအန္တရာယ်ကာကွယ်ရေး ပညာ ပေးခြင်း** ( Risk Communication ) နည်းစဉ်များကိုလည်း တိုးတက် အသုံးပြုလျက်ရှိပါသည်။

Water Safety Plan တွင် လူသားတို့၏ ကျန်းမာရေးအတွက် ထိရောက်သော အပြုအမူပြောင်းလဲခြင်းများ ပေါ်ပေါက် လက်ခံကျင့်သုံးလာစေရန်သာမက အခြေအနေ အချိန်အခါအရ ဘေးအန္တရာယ် ကာကွယ်ရေး ပညာပေးခြင်းများကိုပါ ပြုလုပ်ရပါသည်။ ဥပမာအားဖြင့် ရေထဲတွင် အာဆင်းနစ်ခေါ် စိန်ဖြူ ဓါတ်အန္တရာယ်ရှိလောက်အောင် ပါဝင်နေကြောင်း သိရှိလျှင် အောက်ခြေမှ တာဝန်ရှိသူအနေဖြင့် သမားရိုးကျ အတိုင်းလုပ်၍ မရပဲ Risk Communication ကို မလွဲမနေ ပြုလုပ်ရပါမည်။

လူတို့၏သောက်ရေသုံးရေစိတ်ချရမှု ရှိ/မရှိစစ်ဆေးရသူတစ်ဦးအနေဖြင့် လူထုနှင့်ထိတွေ့ဆက်ဆံနေရသည် ဖြစ်၍ဆက်သွယ်ပညာပေးရေးလုပ်ငန်းနှင့် မကင်းနိုင်ပါ၊ သံဓါတ်များခြင်း၊ ထုံးဓါတ်များခြင်း၊ အငန်ဓါတ်များခြင်းတို့ကို တွေ့ရှိပါလျှင် အဆင့်ဆင့် အစီရင်ခံခြင်း၊ ညွှန်ကြားချက်ကိုစောင့်ဆိုင်း၍ သက်ဆိုင်ရာလူထုသို့ အကြောင်းပြန်ခြင်းများကို အချိန်ယူ၍ ပြုလုပ်နိုင်ပါသည်၊ လူထုအနေနှင့်လည်း မိမိတို့ အတွေ့အကြုံအရ သိရှိပြီးဖြစ်၍ အရေးပေါ်ပြဿနာ မဟုတ်လျှင် ချက်ခြင်း ပြုပြင်ရန် မလိုအပ်ဟု ဆုံးဖြတ်မည်ဖြစ်ပါသည်။ ခဲဓါတ်၊စိန်ဖြူဓါတ်၊ပြဒါးဓါတ်တို့ ရေတွင် ပါဝင်နေကြောင်းသိပြီဆိုလျှင်မူ လူထု အနေဖြင့် မြန်မြန်သိလေ အကျိုးရှိလေဖြစ်ပါသည်၊ ရေအရည်အသွေးစစ်ဆေးသူသည် ဝန်ထမ်း ဖြစ်စေ၊စေတနာ့ဝန်ထမ်းဖြစ်စေ လူထုကိုဆီလျော်သော သတင်းအချက်အလက်မှတ်ချက် ( Feedback )ပေးရန်တာဝန်ရှိလေသည်။

ရေအရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ပဏာမ စမ်းသပ်ချက်အား အတည်ပြုမည့် စမ်းသပ်ချက်ကို ထပ်မံပြုလုပ်ရန် လိုအပ်သည့်အခါများရှိပြီး၊ စမ်းသပ်တွေ့ရှိချက်ကို သတင်းထုတ်ပြန်ရန်အဆင့်ဆင့် အစီရင်ခံ တင်ပြရန် လိုအပ်သည်လည်းရှိပါသည်၊ တာဝန်ရှိသူ အဆင့်

ဆင့်က ဆောင်ရွက်ရန်အချိန်ယူရပါသည်၊ သတင်းအချက်ခိုင်မာဖို့ အထောက်အထား (Evidence Based) ရှာဖွေ၍ တရားဝင်ထုတ်ပြန်ရာတွင် ရလာဒ်ကို အပြန်ပြန်အလှန်လှန် စစ်ဆေးပြီး ခိုင်လုံမှုရှိမှ ထုတ်ပြန်ရသည်မှန်သော်လည်း ကျေးလက်ဒေသ အောက်ခြေမှ ရေထွက်ပင်ရင်းပိုင်ရှင်မိသားစုနှင့် လူထုအနေနှင့် အချိန်ကြာကြာမစောင့်နိုင်ပါ၊ ၎င်းတို့ အတွက် ဆက်သွယ်ပညာပေးမှု တစ်ခုခုကို လျင်မြန်စွာ ပြုလုပ်နိုင်မှသာ ကြုံတွေ့ရမည့် အန္တရာယ်မှ သက်သာခွင့်ရမည်ဖြစ်ပါသည်။

အောက်ခြေတွင် လူလူခြင်း ဆက်သွယ်ပညာပေးရာ၌ ထုတ်ပြန်မည့် သတင်းအချက်အလက် (Message) သည် လူထုအနေနှင့် သတိပြုလာစေရန် (Awareness) အတွက်သာဖြစ်ပြီး စိုးရိမ်ထိတ်လန့်စေရန် (Alarm )မဟုတ်ပါ။ အောက်ခြေအဆင့် တာဝန်ရှိသူအနေဖြင့် ရေသောက်သုံးသူတို့ ဘေးန္တရာယ်ကင်းစေရန် ချင့်ချင့် ချိန်ချိန် အကြံပြုရန် လိုအပ်သော်လည်း ဆုံးဖြတ်ချက်ပေးရန် တာဝန်မရှိပါ၊ တာဝန်အဆင့်ကျော်ယူ၍ မရကြောင်းကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

ရပ်ရွာအတွင်းအစဉ်အလာအရ သောက်သုံးနေသော ရေထွက်ပင်ရင်းများတွင်လည်း တစ်ခါတစ်ရံ မလိုလားအပ်သော ဘေးအန္တရာယ်ရှိသော အခြေအနေမျိုး ဖြစ်ပေါ်လာတတ်ပါသည်၊ ထိုအခြေအနေမျိုးတွင် တာဝန်ရှိသူ ဝန်ထမ်းဖြစ်စေ၊ စေတနာဝန်ထမ်းဖြစ်စေ ၎င်းအနေဖြင့် မည်သူ့ကို မည်သို့ ဆက်သွယ်၍ သတင်းအချက်အလက်ပေးပို့ခြင်း၊ ညွှန်ကြားချက် အကြံပြုချက်များကို ရပ်ရွာအတွင်း လုပ်ပိုင်ခွင့် ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဘေးအန္တရာယ်ဖြေရှင်းခြင်း (Risk Management ) များကိုပါ ပြုလုပ်ရန်လိုပါသည်၊ ဤသို့ဆောင်ရွက်ရာတွင် လျင်မြန်ထိရောက်မှု ရှိရန်အတွက် ရပ်ရွာအတွင်း ဆက်သွယ်ပညာပေးရေး ကွန်ယက်များ (Communication Networks) ကို ဖွဲ့စည်းထားခြင်း၊ အလွှာအလိုက် (ရပ်ရွာ၊ မြို့နယ် တိုင်း၊ ပြည်နယ်၊ ဗဟို) ကွန်ယက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအလိုက်၊ ကျွမ်းကျင်မှု အလိုက်ပံ့ပိုးနိုင်မှုအလိုက် ကွန်ယက်များ ဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရပါမည်။ (ဥပမာ။ ။ ဝမ်းပျက်ဝမ်းလျှောဖြစ်ချိန်၌ ဆေးခတ်ခြင်း၊ ရေသွယ်စံနစ်များကို ပြုပြင်ခြင်း၊)

အကယ်၍ မိမိတို့ အသုံးပြုနေသော ရေထွက်ပင်ရင်းသည် ပုဂ္ဂလိက သို့မဟုတ် အများဆိုင်သောက်သုံးရေ ပေးဝေရေးစနစ်ဖြစ်ခဲ့လျှင်မူ သက်ဆိုင်ရာ ဌာန၊အဖွဲ့အစည်း ကုမ္ပဏီသို့ ဆက်သွယ်အကြောင်းကြားခြင်း၊ လိုအပ်လျှင် အရေးယူဆောင်ရွက်ပေးနိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်၊ ဌာန၊အဖွဲ့အစည်းသို့ အကြောင်းကြားတိုင်ကြားခြင်းတို့ကို ပြုလုပ်ရပါမည်၊ ဤတွင် မလိုလားအပ်သော ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ပေါ်လာမှ နည်းလမ်းရှာမည့်အစား ကြိုတင် နည်းလမ်းများရှာဖွေ ပြင်ဆင်ထားရန် လိုပါမည်။

ရေအရည်အသွေးစိတ်ချရအောင် ထိမ်းသိမ်းရသူ တစ်ယောက်၊ တစ်ဖွဲ့အနေဖြင့် ရေထွက်ပင်ရင်းမှ ထွက်လာမည့်ရေ၏ စိတ်ချရမှုကို ရေရှည်ခံအောင် ထိမ်းသိမ်းရန် တာဝန်ရှိပေသည်၊ သို့ဖြစ်၍ ရေထွက်ပင်ရင်းပတ်ဝန်းကျင် ( Environment )နှင့် ရေရယူထားသည့် ဒေသ (Catchment Area) များတွင်း ရေအရည်အသွေးထိခိုက်စေနိုင်သည့် အကြောင်းရင်းများကို ရှာဖွေလေ့လာပြုပြင်ခြင်း၊ နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများကို မျှော်မှန်းပြင်ဆင်ကာကွယ်ခြင်းတို့ကို ပြုလုပ်ပေးရန်လိုအပ်ပါသည်၊ ဥပမာအားဖြင့် ရေထွက်ပင်ရင်း အနီးနား၌ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်း တိရစ္ဆာန်များဝင်ရောက်ခြင်း အနီးကပ်၍ အိမ်သာများဆောက်ထားခြင်း၊ Catchment Area ၌လူများသွားရောက် နေထိုင်ခြင်းစသည်တို့ကို လေ့လာစူးစမ်း၍ သတင်းပေးပို့ခြင်း၊ အစီရင်ခံခြင်း၊ ပြုပြင်ရန်စီစင်ခြင်းများကို ပြုလုပ်ရပါမည်။

ထို့အပြင် သောက်သုံးရေ လုံခြုံစိတ်ချရရေး စီမံချက်သည် လူထုအတွက်ကျန်းမာရေး အကျိုးသက်ရောက်မှု (Health Impact) အမှန်တကယ်ဖြစ်ပေါ်စေလိုပါက ပတ်ဝန်းကျင်တွင် အိမ်သာများရှိရုံသာမက အမှိုက်သရိုက်များစနစ်တကျစွန့်ပစ်ရေး၊အိမ်မွေးတိရစ္ဆာန်၊ခြံမွေး တိရိစ္ဆာန်

များကို ဇီဝလုံခြုံမှု (Bio Security ) ရှိအောင် စည်းစနစ်တကျ မွေးမြူရေး၊ လက်သန့်ရှင်းရေးမှ အစပြုသော တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး မီးဖိုအစရှိသော အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေး တို့ကို စနစ်တကျ တစ်ပြိုင်နက် ပြုလုပ်သွားဖို့ လိုပေသည်၊ မိသားစုသန့်ရှင်းရေး (Home Hygiene ) လုပ်ငန်းများနှင့်အတူ ရပ်ရွာသန့်ရှင်းရေးတွင် အရေးပါသော ဈေး၊ စားသောက်ဆိုင်၊ ကျောင်းအစရှိသည့် နေရာများ၏ သန့်ရှင်းရေးကိုပါ တိုးချဲ့ ဆောင်ရွက်ရပေသည်။

အထက်ပါ အချက်အလက်များကို စုစည်းလိုက်လျှင် သောက်သုံးရေ လုံခြုံစိတ်ချရရေး အတွက် စီစဉ် ဆောင်ရွက်သူများသည်

(၁) ရေအရည်အသွေး စစ်ဆေးရာတွင် ဆက်သွယ်ပညာပေးခြင်း။
(၂) ရေထွက်ပင်ရင်းများတွင် ဘေးအန္တရာယ်ရှိလာချိန်တွင် ဆက်သွယ်ပညာပေးခြင်း။
(၃) ရေအရည်အသွေး တိုးတက်အောင်ဖြေရှင်းရာတွင် ဆက်သွယ်ဆောင်ရွက်ခြင်း။
(၄) သောက်သုံးရေလုံခြုံ စိတ်ချရရေး ရေရှည်ခံအောင် ထိမ်းသိမ်းရန် ဆောင်ရွက်ခြင်း။
(၅) ရေအရည်အသွေးကို လွှမ်းမိုးနေသည့် အကြောင်းရင်းများ ဖော်ထုတ်ဖြေရှင်းရာတွင် ဆက်သွယ်ပညာပေးခြင်း။
(၆) ကျန်းမာရေးအကျိုးသက်ရောက်မှု ဖြစ်ထွန်းစေရန် တစ်ကိုယ်ရေ သန့်ရှင်းရေး မိသားစုသန့်ရှင်းရေး၊ အစားသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ ဆက်သွယ်ပညာပေးခြင်း။
(၇) အသိပညာ အတတ်ပညာများကိုလူထုအခြေပြု လုပ်ငန်းစဉ်များဖြစ်ပေါ် လာအောင် စီမံချက်များ စနစ်များချမှတ်အကောင်အထည်ဖော်ရာတွင် ပံ့ပိုးခြင်း။

စသည့် လုပ်ငန်း (၇) ရပ်ကို ဆက်စပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဆက်သွယ်ပညာပေးရေး ပံ့ပိုးမှု အစီအစဉ် (Communication Support Programme )အဖြစ် စီမံချက်ဒေသ အတွင်း လူထုကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်သော ဆက်သွယ် ပညာ ပေးရေးစီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးခြင်း( Facilitation ) ပြုလုပ်သွား ဖို့လိုအပ် ပါသည်။

## ၁၅။ မှတ်တမ်းပြုစုခြင်း ( **Documentation** )

WSP ဆောင်ရွက်ရာတွင် အောက်ပါ အချက်အလက်များကို ပြုစု၍ မှတ်တမ်းထားရှိရမည်၊

(က) ရေပေးရေး စနစ်တစ်ခုလုံး၏ အနေအထားနှင့် စနစ်ဖော်ပြချက် (ရနိုင်ပါက မြေပုံအပါအဝင်)
(ခ) ကြပ်မတ်စစ်ဆေးခြင်းနှင့် အတည်ပြုနိုင်ရန် ပြန်လည်စီစစ်ခြင်း ( Monitoring and verification ) ဆောင်ရွက်နိုင်ရန် လုပ်ငန်းစီမံချက် ချမှတ်ခြင်း ၊
(ဂ) သာမန်အချိန်တွင် သော်လည်းကောင်း၊ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသည့် ပြဿနာများ အတွက်သော်လည်းကောင်း၊ အရေးပေါ် အခြေအနေတွင် သော်လည်းကောင်း လုံခြုံ စိတ်ချရသော သောက်သုံးရေ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း ( Water safety management procedures ) များကို သတ်မှတ်ထားရှိခြင်းနှင့် ဆက်သွယ်ရေး စီမံချက်များကိုပါ ပြုစုထားရှိခြင်း၊
(ဃ) အထောက်အကူပြု အစီအစဉ်များ (ဓါတ်ခွဲခန်း၊ ကွင်းသုံးစမ်းသပ် ကိရိယာများ၊လေ့ကျင့် ရေး သင်တန်းများ၊ ပညာပေးဟောပြောမှုများ၊ သတင်းဖြန့်ချိရေးများ) ကိုရေးဆွဲပြုစု ထားရှိခြင်း၊

အထက်ပါ အချက်အလက်များကို မူတည်၍ အောက်ပါ အချက် (၅)ချက်ကို (Record ) မှတ်တမ်း တင်ထားရမည်။

(က) အထောက်အကူပြု မှတ်တမ်းများ

(ခ) လုပ်ငန်းလည်ပတ်ရာတွင် စောင့်ကြပ်ကြည့်ရှုရန် အတည်ပြုထားသည့် အချက်အလက်များအရ စစ်ဆေးရာတွင် ပေါ်ပေါက်တွေ့ရှိသည့် အခြေအနေ၊ ဖြစ်ပေါ်ရာနေရာ၊ တွေ့ရှိချက် ရလာဒ်များ

(ဂ) မမျှော်လင့်ဘဲပေါ်ပေါက်ခဲ့သည့် ပြဿနာ အဖြစ်အပျက်များ အရ စစ်ဆေးတွေ့ရှိချက်နှင့် ပေါ်ပေါက် ခဲ့သည့် ဖြစ်ရပ်များ၊

(ဃ) အသုံးပြုခဲ့သော နည်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများ (Methods and procedures )

(င) ဝန်ထမ်းများအပါအဝင်၊ အကောင်အထည်ဖော် ဆောင်ရွက်သူအား လေ့ကျင့်သင်ကြားရေး အစီအစဉ်များ။

## ၁၆။ အကြံပြုချက် ( **Suggestion** )

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သန့်ရှင်း စိတ်ချရသော သောက်သုံးရေ ရရှိရေးစီမံကိန်းကို ၁၉၈၀/၈၁ ခုနှစ်မှ စောက်ချဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က လူဦးရေ လွှမ်းခြုံမှုမှာ မြို့များတွင် (၃၆)ရာခိုင်နှုန်း၊ ကျေးလက်တွင် (၁၄)ရာခိုင်နှုန်း၊ တစ်ပြည်လုံးအတွက် (၁၈)ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၀၃ ခုနှစ်တွင် ကောက်ယူခဲ့သော ကိန်းဂဏန်းများ အရ မြို့များအတွက် (၉၂)ရာခိုင်နှုန်း၊ ကျေးလက်အတွက် (၇၄)ရာခိုင်နှုန်း၊ တစ်ပြည်လုံး အတွက် (၇၉)ရာခိုင်နှုန်း အထိ တိုးတက်လာပါသည်။

ဤသို့ တိုးတက်လာသော လူဦးရေ လွှမ်းခြုံမှုကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရန်လိုသလို ရေ၏အရည်အသွေးကိုလည်း မကျဆင်းသွားအောင် ထိန်းသိမ်းရပါမည်။ သို့မှသာ ပြည်သူလူထုတို့သည် ကျန်းမာရေးနှင့် ညီညွတ်သော စိတ်ချရသည့် သောက်သုံးရေကို ရယူသုံးစွဲပြီး၊ ရောဂါဘယမှ ကင်းဝေးနိုင်ပါမည်။

စိတ်ချရသော သောက်သုံးရေကို ရယူသုံးစွဲနိုင်ရန် တာဝန်ရှိအဖွဲ့အစည်း အသီးသီးတို့သည် မိမိတို့၏ အစီအစဉ်ဖြင့် ရှေးကပင်လျှင် ဆောင်ရွက်လျက်ရှိကြပါသည်။ တိတိကျကျ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ လိုအပ်နေဆဲဖြစ်ပါသည်၊ ကြပ်မတ်ကွပ်ကဲမည့် အဖွဲ့အစည်းလည်း တိတိကျကျ ဖွဲ့စည်းရန် လိုအပ်နေပါသည်၊ ပြဿနာပေါ် ပေါက်လာသည့် အခြေအနေကိုလိုက်၍ သင့်လျော်ရာ ကာကွယ်ပြုပြင်ရေး ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုအချိန်တွင် သောက်သုံးရေ၏ အရည်အသွေးကို ဦးစားပေးထိပ်တန်းတင်လျက်ရှိရာ WSP ၏ အန္တိမ ရည်မှန်းချက်ဖြစ်သော ပြည်သူလူထု စိတ်ချယုံကြည်စွာ သောက်သုံးရေရရှိရေးနှင့် အဆိုပါရေ၏ လုံခြုံစိတ်ချရေး အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးအပါအဝင်၊ပြည်သူလူထုတို့အနေဖြင့် ဤ WSP စီမံကိန်းကို ရေးဆွဲပြုစုအကောင်အထည်ဖေါ်ရန် မလွှဲမသွေလိုအပ်နေပြီ ဖြစ်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

## ၁၇။ ကျမ်းကိုးစာရင်း ( **References** )


1. *Analysis and Assessment of Drinking Water Quality in Selected Rural Areas of Myanmar*, Apirl,2002
2. Arsenic, Drinking-water and Health Risk, Substitution in Arsenic Mitigation: A Discussion Paper, WHO, 2003
3. *Arsenic Mitigation Project*, Presentation paper by Occupational Health Division, DOH, 2006
4. Guidelines for Drinking Water Quality, Second Edition (1997), Volume 3 " *Surveillance and Control of Community Supplies*
5. *Meeting the MDG drinking Water and Sanitation Target, The urban and rural challenge of the Decade,* World Health Organization and UNI CEF,2006
6. Orientation Workshop on the new third edition, WHO Guidelines for Drinking Water Quality ( Power-point Presentations), 22 to 23, June, 2006
7. Pro-formas for *Dug Well*, *Tubewell*, *Communal Rainwater Harvesting, Pond Sand Filter, Rural piped Water Supply from Spring Sources* Water Safety Plans, ITN-BUET & DPHE , 1st Edition, Bangladesh, November, 2004
8. *Report on Drinking Water Quality Surveillance and Monitoring System,* Environmental Sanitation Division, 2001
9. *Studies on Active Cases Detection of Arsenicosis in Myanmar*, Presentation Paper by Clinical Research Division, Department of Medical Research (Lower Myanmar), 2006
10. Water Safety Plans, *Managing drinking-water quality from catchment to consumer,* Water, Sanitation and Health, Protection and Human Environment, WHO, Geneva, 2005
11. WHO Guidelines for Drinking Water Quality, Third Edition (2004) Volume 1 , *Recommendation*, Chapter 4 Water Safety Plan
12. Water Safety Plan for *Dug Well*, *Hand Tubewell*, *RWHS and Pond Sand Filter* in Rural Water Supply System, ITN-BUET & DPHE , 2nd Second Version, Bangladesh, April, 2006
13. Water Safety Plan Book-1, WEDC, 2005

## WSP နှင့် ပတ်သက်သော ဝေါဟာရများကို မြန်မာဘာသာ ပြန်ဆိုချက်

| | | | |
|---|---|---|---|
| 1 | Action Plan Information | ၁ | ဆောင်ရွက်ရန်စီမံချက်ဆိုင်ရာ သတင်းအချက်အလက်များ |
| 2 | Activity | ၂ | လုပ်ငန်း ဆောင်ရွက်ချက် |
| 3 | Basis | ၃ | အခြေခံ အကြောင်းရင်း |
| 4 | Catchment area | ၄ | ရေဝေရေလဲဒေသ |
| 5 | Control Measure | ၅ | ထိန်းချုပ်ရန် နည်းလမ်းများ |
| 6 | Description | ၆ | ဖော်ပြချက် |
| 7 | Frequency | ၇ | ကြိမ်နှုန်း |
| 8 | Ground water | ၈ | မြေအောက်ရေ |
| 9 | Hazard | ၉ | ဘေးဥပဒ်၊ဘေးန္တရာယ် |
| 10 | Hazard analysis | ၁၀ | ဘေးဥပဒ် ကျရောက်မှု ဆန်းစစ်ချက် |
| 11 | Hazardous Event | ၁၁ | ဘေးဥပဒ်ဖြစ်ရပ် |
| 12 | Monitoring | ၁၂ | ကြပ်မတ်စစ်ဆေးခြင်း |
| 13 | Operational Monitoring Schedule | ၁၃ | လုပ်ငန်းလည်ပတ်မှု ကြပ်မတ်စစ်ဆေးခြင်းဇယား |
| 14 | Process description | ၁၄ | လုပ်ငန်းစဉ် အဆင့်ဆင့် ဖော်ပြချက် |
| 15 | Process flow chart / schedule | ၁၅ | လုပ်ငန်းစဉ် အဆင့်ဆင့် လမ်းကြောင်းဇယား |
| 16 | Process step | ၁၆ | လုပ်ငန်းစဉ်အဆင့် |
| 17 | Risk | ၁၇ | အန္တရာယ် ဖြစ်နိုင်ခြေ |
| 18 | Supporting Program | ၁၈ | ပံ့ပိုးမှုအစီအစဉ် |
| 19 | Surface water | ၁၉ | မြေပေါ်ရေ |
| 20 | Target | ၂၀ | ဦးတည်ချက်/ မျှော်မှန်းချက် |
| 21 | Target group | ၂၁ | ဦးတည်အုပ်စု |
| 22 | Technology description | ၂၂ | နည်းပညာ ဆိုင်ရာအချက်အလက်များ |
| 23 | Verification | ၂၃ | အတည်ပြုနိုင်ရန် ပြန်လည်စီစစ်ခြင်း |
| 24 | Water quality requirement | ၂၄ | ရေအရည်အသွေး လိုအပ်ချက် |
| 25 | Water Safety Plan | ၂၅ | သောက်သုံးရေလုံခြုံစိတ်ချရရေးစီမံချက် |

# သောက်သုံးရေ လုံခြုံစိတ်ချရရေးစီမံကိန်း
# လက်တူးရေတွင်း
# Dug Well (DW)







နောက်ဆက်တွဲ (က)
**ပုံစံ(သလစစ ၁)**

# သောက်သုံးရေ လုံခြုံစိတ်ချရရေးစီမံကိန်း
# လက်တူးရေတွင်း
# (Dug Well) (DW)

(က) နမူနာ အမှတ် ------------------------------------------------
(ခ) စစ်ဆေးသည့်ရက်စွဲ ------------------------------------------------
(ဂ) ကျေးရွာအုပ်စု /ရပ်ကွက် ------------------------------------------------
(ဃ) ကျေးရွာ / လမ်းအပိုင်း ------------------------------------------------
(င) ပိုင်ဆိုင်သူအမည် ------------------------------------------------
(အများပိုင်၊ အဖွဲ့အစည်းပိုင်၊ ပုဂ္ဂလိကပိုင်)
(စ) တည်နေရာ (အတိအကျ) ------------------------------------------------
(ဆ) အပိုင်ကျန်းမာရေးဌာနနှင့်ဌာနခွဲ------------------------------------------------

## (၁) စစ်ဆေးရာတွင်ပါဝင်ဆောင်ရွက်သူများ
**( The Water Safety Plan Team )**

| စဉ် | အမည် | ဌာန/အဖွဲ့အစည်း | တာဝန်/အဆင့် | နေရပ်လိပ်စာ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## (၂) ရေပေးရေးလုပ်ငန်းအဆင့်ဆင့် ဖော်ပြချက်
**(Water Supply Process Description )**

| စဉ် | အဆင့် | လုပ်ငန်းအသေးစိတ် ဖော်ပြချက် |
|---|---|---|
| ၁။ | ရေအရင်းအမြစ်<br>Water Source | မြေအောက်ရေကို လက်တူးတွင်းကျယ် တူးဖော်၍ ရယူထားပြီး ကြိုးတပ် ရေငင်ပုံး/ လက်နှိပ်ပန့် / ကြိုးတပ်လက်လှည့်ပန့် တို့ဖြင့် ရေထုတ်ယူ သုံးစွဲသည့်စနစ်။ |
| ၂။ | ရေဖြန့်ဖြူးခြင်း/သယ်ယူခြင်း<br>Distribution and Trans-portation of Water | ရေကို အသုံးပြုမည့်နေရာသို့ ရေပုံး၊ ရေစည်တို့ဖြင့် သယ်ယူသည်။ |
| ၃။ | အိမ်တွင် ရေသိုလှောင်မှု<br>Storage at Home | သယ်ယူလာသည့်ရေကို မိမိတို့ အိမ်ရှိ ရေအိုး၊စဉ့်အိုး၊ ရေကန်၊ရေစည် ဖြင့် သိုလှောင်ထားရှိပါသည်။ |
| ၄။ | ထိန်းချုပ်ရန် ကိစ္စ<br>Control Measure | အိမ်တွင်သိုလှောင်ထားသည့်ရေ ညစ်ညမ်းမှုမရှိစေရန်။<br>ကြိုးတပ်ရေငင်ပုံးအသုံးပြုပါက ၄င်းပစ္စည်းများ သန့်ရှင်းစင်ကြယ် စေရန်နှင့် တတ်နိုင်လျှင် ဘုံသုံးကြိုးတပ် ရေငင်ပုံးကို အသေတပ်ဆင် အသုံးပြုရန်။<br>ရေတွင်းတွင် တုံကင်ပန့်တပ်ထားပါက "ချူရေ" သန့်ရှင်းစေရန်။<br>ကြိုးတပ်လက်လှည့်ပန့် တပ်ဆင်ထားပါက အဖုံးဖုံးထားရန်။ |
| ၅။ | ရေအရည်အသွေး<br>Water Quality | သက်မှတ်ထားသောရေ၏အရည်အသွေးနှင့် နှိုင်းယှဉ် စစ်ဆေး၍ စစ်ဆေးတွေ့ရှိရသည့် အခြေအနေကို သုံးစွဲသူ/ အဖွဲ့အစည်းသို့ အသိပေးရမည်၊ ရေအရည်အသွေး စံချိန်မှီရမည်။ |

## (၃) ရေအရည်အသွေး **( Water Quality )**

| စဉ် | အရည်အသွေးလိုအပ်ချက် | လိုအပ်ရသည့်အကြောင်းရင်း |
|---|---|---|
| ၁။ | ဘေးအန္တရာယ်ဖြစ်စေသော ပိုးမွှား၊ ဓါတ်သတ္တုနှင့် ဓါတုဗေဒပစ္စည်းများ ပါဝင်မှု | သုံးစွဲသူပြည်သူလူထု ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရန်၊ |
| ၂။ | ဘေးအန္တရာယ်မဖြစ်စေသော်လည်းသောက်သုံးသူ ပြည်သူလူထုတို့က လက်မခံနိုင်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် ဓါတုဗေဒပစ္စည်းများ ပါဝင်မှု | ကျန်းမာရေးကိုမထိခိုက်စေကာမူ ရေသည် အဆင်း၊ အနံ့၊ အရသာနှင့် နောက်ကျိမှု လွန်ကဲစွာ ပါဝင်နေပါက ၄င်းရေကို မသုံးဘဲ အခြားကြည်လင်သော်လည်း ပိုးမွှားများပါနိုင်သောရေကိုသုံးစွဲမိမည်ဖြစ် သဖြင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်းကျန်းမာရေး အသိပညာပေးခြင်းကို အောက်ခြေအထိ ဆောင်ရွက်ရန်။ |
| ၃။ | သောက်သုံးရေ အရည်အသွေး သတ်မှတ်ချက်<br>Sr. Parameter Guideline Value<br>1. E-Coli 0 count / 100 ml<br>2. Arsenic 0.05 mg/l<br>3. Fluoride 1.5 mg/l<br>4. Nitrate (as $NO_3$ ) 50 mg/l<br>5. Turbidity 5 NTU<br>6. pH 6.5 to 8.5<br>7. E C 1500 µS/cm<br>8. Manganese 0.3 mg/l<br>9. Iron 1.0 mg/l<br>10. Chloride 250 mg/l<br>11. Hardness (as $CaCO_3$ ) 500 mg/l | Result<br>1. count / 100 ml<br>2. mg/l<br>3. mg/l<br>4. mg/l<br>5. NTU<br>6.<br>7. µS/cm<br>8. mg/l<br>9. mg/l<br>10. mg/l<br>11. mg/l |

မှတ်ချက်။ အမှတ်စဉ် (၁) မှ (၄) အထိသည် ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

အမှတ်စဉ် (၅) မှ (၁၁) အထိသည် ကျန်းမာရေးကို မထိခိုက်နိုင်သော်လည်း အဆမတန် များပြားပါက သုံးစွဲသူများက မနှစ်သက်၍ လက်မခံပါ။

အရည်အသွေးစစ်ဆေးရာတွင် လက်ရှိသတ်မှတ်အသုံးပြုနေသော ၂၀၀၆ ခုနှစ် အရည် အသွေးကို စံ အဖြစ်သတ်မှတ်ထားပါသည်။

## (၄) နည်းပညာ ဆိုင်ရာအချက်အလက်များ (Technology Description )

| စဉ် | ဖြစ်ရပ်အကြောင်းရင်း | အချက်အလက်ဖော်ပြချက် |
|---|---|---|
| ၁။ | ဒီဇိုင်းပုံစံ | သမရိုးကျပုံစံ၊ ဒေသအလိုက်ပုံစံ၊ ရေတွင်းဘောင်၊ ပလက်ဖောင်း၊ ရေနုတ်မြောင်း။ |
| ၂။ | အသုံးပြုပစ္စည်း | အုတ် ဂွေ၊ ကွန်ကရိ၊ သစ်သားဘောင်ခပ်၊ ရေတွင်းဖုံး။ |
| ၃။ | ရေအရင်းအမြစ်ကာကွယ် ထားရှိမှု | တွင်းပါတ်လည်သံမံတလင်း ပလက်ဖောင်းနှင့် ရေဆိုး မြောင်း။ |
| ၄။ | အကျိုးခံစားရသည့်လူဦးရေ | ------------ဦး |
| ၅။ | စတင်အသုံးမပြုမီ ရေအရည် အသွေး စမ်းသပ်မှု | ရှိ /မရှိ၊ သင့် / မသင့်။ |
| ၆။ | အခြားအချက်အလက်များ | -ရေတွင်းအတွင်း၌ Lining ရှိ/မရှိ<br>ရှိပါက အသုံးပြုထားသည့် ပစ္စည်း ------------။<br>-ရေတွင်းဘောင် မြေပေါ်တွင် ရှိ/မရှိ<br>ရှိပါက အမြင့်ပေ -----------------။<br>-ရေတွင်းပတ်လည်သံမံတလင်းအခင်း ရှိ /မရှိ၊<br>ရှိပါက သံမံတလင်း အကျယ်ပေ ------------။<br>-သံမံတလင်းအခင်းမှ ရေကိုအဝေးသို့<br>ထုတ်ယူသည့်ရေမြောင်း ရှိ /မရှိ<br>-တွင်းအကျယ် (အတွင်း) ------------- ပေ။<br>-တွင်း၏ စုစုပေါင်းအနက် ------------ ပေ။<br>-ရေနေပေ ---------------<br>( မြေပေါ်မှ-ရေမျက်နှာပြင်အထိအကွာအဝေး)<br>-ရေထုတ်ယူသည့်စံနစ်<br>ကြိုးတပ်ရေငင်ပုံး ( )၊<br>လက်နှိပ်ပန့် ( )၊<br>ကြိုးတပ်လက်လှည့်ပန့် ( )၊<br>လျှပ်စစ်/အင်ဂျင်သုံးပန့် ( )၊<br>-အမိုး ရှိ /မရှိ<br>-အကာ(ဝင်းထရံ) ရှိ /မရှိ |

## (၅) လုပ်ငန်းအဆင့်ဆင့် လမ်းကြောင်းဇယား
**( Process Flow Chart / schedule )**

| စဉ် | သင်္ကေတ | အဆင့်တည်ရှိမှုနေရာ | တာဝန်ယူခြင်း |
|---|---|---|---|
| ၁။ | DW 1 | ရေပင်ရင်း(ရေဝေရေလဲ) | သက်ဆိုင်ရာအဖွဲ့အစည်း /ပြည်သူ |
| ၂။ | DW 2 | ရေပင်ရင်း( မြေအောက်ရေ) | သက်ဆိုင်ရာအဖွဲ့အစည်း /ပြည်သူ |
| ၃။ | DW 3 | လက်တူးရေတွင်း | ထိန်းသိမ်းစောင့်ရှောက်သူ |
| ၄။ | DW 4 | ရေလှောင်နည်း စံနစ် | ထိန်းသိမ်းစောင့်ရှောက်သူ |
| ၅။ | DW 5 | ရေပုံး၊ရေစည်ဖြင့် ခံယူခြင်း | ရွာသူရွာသားများ ၊ ပြည်သူများ |
| ၆။ | DW 6 | ရေကို အိမ်သို့သယ်ယူခြင်း | ရွာသူရွာသားများ၊ ပြည်သူများ |
| ၇။ | DW 7 | အိမ်တွင်အသုံးပြုရန် ရေကိုသိုလှောင်ထားရှိမှု | အိမ်ရှင် (အိမ်သူအိမ်သား) |
| ၈။ | DW 8 | ရေကို အသုံးပြုရန် ကိုင်တွယ်မှု | အိမ်ရှင် (အိမ်သူအိမ်သား) |

## (၆) ဘေးဥပါဒ်ဆန်းစစ်ခြင်း၊ လက်တူးတွင်း **( Hazard Analysis of Dug Well)**

| လုပ်ငန်းစဉ်အဆင့် ( Process Step) | ဘေးဥပါဒ်ဖြစ်ရပ် ( Hazardous Event) | ဖြစ်ရခြင်း အကြောင်းရင်း ( Cause) | ဘေးဥပါဒ် အမျိုးအစား (Hazard type) | အန္တရာယ်ဖြစ်နိုင်ခြေ ( Risk ) | | | ထိန်းချုပ်ရန် နည်းလမ်းများ ( Control Measure ) | |
|---|---|---|---|---|---|---|---|---|
| | | | | ကြီး | သေး | မရှိ | ဆောင်ရွက်ဆဲ ( Current) | ဆက်လက် ဆောင်ရွက်ရန် ( Planned) |
